# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၉၃)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၁ ရက် ၊ ၃–၃–၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂

၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိ သာသနဝှဗိမာန်တော်ကြီး အတွင်း၌ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာ ဘိဝံသတို့အမှူးပြုသည့်

စာမျက်နှာ ၃ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၂

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

၂၀၂၆ ခုနှစ် ၊ မတ် ၃ ရက် ၊ အင်္ဂါနေ့။

မန္တလေး

## အရည်အသွေးကောင်း၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲမှုမြင့်မားလာစေရေး ဆောင်ရွက်လျက်ရှိ

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၁၈၆၅၁ သင်းကို ဖွဲ့စည်းထားရှိပြီး ၉၃၂၇၉၈ ဦးအတွက် နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေ အပါအဝင် သမဝါယမအသင်းပိုင်ငွေများဖြင့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ဝါနှင့် ဟင်းသီးဟင်းရွက်စိုက်ဧက ပေါင်း ၁၆၀၅၈၁၂ ဧကကို စိုက်ပျိုးထုတ်လုပ်နိုင်အောင် ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ နေပြည်တော်၊ ကချင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပြည်နယ် ၁၁ ခုမှ မြို့နယ် ၂၁ မြို့နယ်တွင် မျိုးစေ့ထုတ်သမဝါယမ အသင်း ၃၁ သင်းကို ဖွဲ့စည်းထားပြီး မျိုးစေ့ထုတ်စိုက်ဧရိယာ ၁၈၃၅ ဧကတွင် သီးနှံမျိုးစေ့များထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက် ရှိကြောင်း၊ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ သုံးစွဲမှုမြင့်မားလာစေရေးဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးစေ့ထုတ် သမဝါယမအသင်းများမှ အသင်းသား တောင်သူ ၁၅၄၉ ဦးကို မျိုးကောင်းမျိုးသန့်များနှင့် သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာ (ပုလဲ၊ ကွန်ပေါင်း)၊ ပိုးသတ်ဆေးစသည့် စိုက်ပျိုးရေးသွင်းအားစု နှင့်ညီမျှသော ငွေများကို နိုင်ငံတော်ကသီးနှံပေါ်ပေးစနစ်ဖြင့် ပံ့ပိုး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မတ် ၁ ရက် နံနက်ပိုင်း တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စိုက်ပျိုး ရေးသိပ္ပံကျောင်းဝင်း၌ကျင်းပသည့် Seed Fair 2026 (မျိုးစေ့ပြပွဲ-၂၀၂၆) ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် တောင်သူများ အရင်းအနှီးပိုမိုရရှိလာစေရေးနှင့် ဈေးကွက်ခိုင်မာ ရေးအတွက် မျိုးစေ့ထုတ်သမဝါယမအသင်းများက ထွက်ရှိသော မျိုးစေ့များကို စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများအား ရောင်းချပေးလျက်ရှိပြီး ထွက်ရှိလာသည့် သီးနှံများကို သမဝါယမ အသင်းအချင်းချင်း ချိတ်ဆက်ဖြန့်ဖြူးရောင်းချပေးနိုင်ရေး ဆောင်ရွက် ပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ယခုကျင်းပ သည့် မျိုးစေ့ပြပွဲ ၂၀၂၆ သည် မျိုးစေ့ထုတ်လုပ်သူများ၊ သုတေသန ပညာရှင်များနှင့် လယ်သမားများအကြား ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းကောင်းများကိုအသုံးချပြီး စိုက်ပျိုး ရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန် စိုက်ပျိုးတောင်သူများ အပြင် ပါဝင်ပတ်သက်သူအားလုံး အချင်းချင်းအတွေ့အကြုံဖလှယ်ခြင်းနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက် တွန်းပြောကြားသည်။

ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ကွဲပြားခြားနားသော ရာသီဥတု ရေမြေ အခြေအနေစုံလင်သည့် မိမိတို့မြန်မာနိုင်ငံတွင် ဒေသအလိုက် ကောင်းစွာဖြစ်ထွန်းပြီး အရည်အသွေးစံချိန်စံညွှန်း နှင့်ကိုက်ညီသော မျိုးစေ့များထုတ်လုပ်နိုင်ရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ မျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြသော အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မိမိတို့၏ မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည် တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားကြရန် ပြောကြားသည်။

တောင်သူလယ်သမားအခွင့်အရေး အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ တောင်သူလယ်သမားများ သွင်းအားစု(မျိုးစေ့)များကို လွယ်ကူအဆင်ပြေစွာရရှိသုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီစီမံဆောင် ရွက်ရန် ပြဋ္ဌာန်းချက်နှင့်အညီ မျိုးစေ့ပြပွဲများကို ၂၀၁၈ ခုနှစ်မှ စတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ယနေ့ကျင်းပသည့် မျိုးစေ့ပြပွဲ ၂၀၂၆ကို အကြိမ်မြောက်ကျင်းပခြင်းဖြစ်သည်။ မျိုးစေ့ပြပွဲ ၂၀၂၆ ကို အရည် အသွေးကောင်း၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲမှုမြင့်မားလာစေရေး၊ မျိုးစေ့သုံးစွဲသူများနှင့် မျိုးစေ့ထုတ်လုပ်သူများအကြား ဆက်နွယ်မှု ကွန်ရက်ပိုမိုကောင်းမွန်စေရေးနှင့် မျိုးစေ့ကဏ္ဍတွင် Public-Private Partnership (PPP) ပိုမိုကောင်းမွန်လာစေရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပလျက်ရှိကြောင်းရေးသားလိုက်ရပေ သည်။

## မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်(၂၅)ကြိမ်မြောက် အသံမစဲ မဟာပဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ



**ပြင်ဦးလွင် မတ် ၂**

တပေါင်းလပြည့်နေ့သည် ဘုရားရှင်ပြည်တော်ဝင်ရန် စတင် ကြွလှမ်းသောနေ့ဖြစ်ပြီး ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူခြင်းကို အကြောင်းပြု၍ သာသနာတော်၌ ထူးခြားသော ဖြစ်ရပ်ကြီးများပေါ်ထွန်းခဲ့ရာ တပေါင်းလပြည့်နေ့တွင် ပြင်ဦး လွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူ ဇနိယပွဲတော်(၂၅)ကြိမ်မြောက် အသံမစဲမဟာပဌာန်း ရွတ်ဖတ် ပူဇော်ပွဲ အောင်ပွဲအခမ်းအနားနှင့် (၂၃) ကြိမ်မြောက် သံဃာ့ဒါန ဆွမ်းတော်ကြီး လောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းက ဘုရားကြီး ၏ ရင်ပြင်တော်၌ကျင်းပသည်။

အခမ်းအနားတွင် နမော တဿသုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ စတင်ဖွင့်လှစ်ခဲ့ပြီး ရေငယ်ကုန်းမြင့်သာယာကျောင်း တိုက်ဆရာတော်ဘဒ္ဒန္တတေဇော ဘာသထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များထံမှ မေတ္တ သုတ်အစရှိသော ပရိတ်တရား တော်များနာယူကြည်ညိုကြသည်။ ဆက်လက်၍ မြို့လယ်ရွှေစည်းခုံ ကျောင်းတိုက် ဆရာတော်အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ ထံမှရေစက်ချ အနုမောဒနာတရား နာယူကြည်ညိုကြပြီး ဗုဒ္ဓပူဇနိယ ပွဲတော်(၂၅)ကြိမ်မြောက် အသံမစဲ မဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ဗုဒ္ဓ သာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ် ဆို၍ ရုပ်သိမ်းခဲ့သည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအနေဖြင့်(၂၃) ကြိမ် မြောက် သံဃာ့ဒါနဆွမ်းတော် ကြီး လောင်းလှူပွဲကျင်းပရာ ပင့် သံဃာတော် ၁၀၈ ပါးအား ပြင်ဦး လွင်တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့ အသီးသီးမှ တာဝန်ရှိသူများ၊ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင် ရာများ၊ အသင်းအဖွဲ့ အသီးသီးမှ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များက ဆွမ်းသပိတ်၊ ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ် ပစ္စည်းများအား အသီးသီး ဆက် ကပ်လှူဒါန်းခဲ့ကြကြောင်း သိရ သည်။

(အပေါ်ဝဲပုံ)

(ခရိုင်ပြန်/ဆက်)

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

**ပခုက္ကူ မတ် ၂**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး ကျောင်းစာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာ ပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီအချိန်က ပခုက္ကူမြို့၊ သူနာပြုနှင့် သားဖွားသင်တန်း ကျောင်း၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပခုက္ကူခရိုင်ပြန် ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန် ကြားရေးမှူး ဒေါ်စန်းယုမော်က ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုး တိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့် တင်ရေး စာပေဟောပြောပွဲ ပြု လုပ်ရခြင်း၏ ရည်ရွယ်ချက်များ အကြောင်း ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ ပခုက္ကူမြို့နယ် စာရေးဆရာအသင်းမှ အတွင်းရေး မှူး စာရေးဆရာမ အသွင်ဆန်း (ပခုက္ကူ)က "လူငယ်နှင့် ဘဝ ခရီးဖြတ်ကျော်နည်း" ခေါင်းစဉ် ဖြင့်လည်းကောင်း၊ စာရေးဆရာမ မြမှူးသခင်က "မေတ္တာဂရုဏာ ရှေ့ထား မီးအိမ်ရှင်တို့ နှလုံး သား" ခေါင်းစဉ်ဖြင့် လည်း ကောင်း၊ အောင်ဝင်း(မျိုးချစ်သူ-ရေစကြို)က "လောကကိုအလှ ဆင်ပါ" ခေါင်းစဉ်ဖြင့်လည်း ကောင်း အသိပညာပေးဟောပြော ကြပြီး စာအုပ်စာစောင်များ ပေး အပ်လှူဒါန်းရာ ကျောင်းမှ ကျောင်း အုပ်ဆရာမကြီး ဒေါ်နိုင်နိုင်အေး က ကျေးဇူးတင်စကားပြောကြား သည်။

ထို့နောက် ပခုက္ကူခရိုင်ပြန် ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှဝန်ထမ်းများက အသိ ပညာပေးနံရံကပ်စာစောင်များနှင့် ပိုစတာများကိုပြသကြရာ သူနာပြု နှင့် သားဖွားသင်တန်းမှ ဆရာ၊ ဆရာမများ၊ သူနာပြု-သားဖွား ဒီပလိုမာသင်တန်းသား၊ သင်တန်း သူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရ သည်။

(၃၄၀)

## ဈေးများ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်

**မူဆယ် မတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့ရှိ မြို့နယ်စည်ပင်သာ ယာရေးဌာနပိုင် အမှတ်(၁)ဈေး၊ အမှတ်(၂)ဈေးနှင့် ဆင်ဖြူဈေးတို့ ၌ ပွင့်လင်းရာသီရောက်ရှိလာပြီ ဖြစ်၍ မီးလောင်ဆုံးရှုံးမှုများ မဖြစ် ပွားစေရေးအတွက် မတ် ၂ ရက် နေ့၊ တပေါင်းလပြည့်နေ့ နံနက် ၉ နာရီအချိန်တွင် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီး ဘေးလုံခြုံရေးစစ်ဆေးခြင်းများကို မူဆယ်ခရိုင်/မြို့နယ်မီးသတ် ဦးစီးဌာန၊ ခရိုင်/မြို့နယ်လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦး စီးဌာနနှင့် မြို့နယ်စည်ပင်သာ ယာရေးဌာနတို့ ပူးပေါင်းဆောင် ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မူဆယ်ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးနေဝင်းတိုး နှင့် ခရိုင်မီးသတ်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးကျော်မျိုးနှင့် မြို့နယ် မီးသတ်ဝန်ထမ်းများ၊ ခရိုင်လျှပ် စစ်အင်ဂျင်နီယာ ဦးဇော်မင်းထွေး နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသန့်ဇင်ဦး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒု-မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ မူဆယ် မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး ဦး ဆောင်သော စည်ပင်သာယာရေး ဌာနဝန်ထမ်းများ၊ ဈေးကော်မတီ အဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အမှတ် (၁)ဈေး၊ အမှတ်(၂)ဈေး၊ ဆင် ဖြူဈေးတွင် လျှပ်စစ်မီးတပ်ဆင် ထားရှိမှု၊ မီးသတ်ယာဉ်ဝင်၊ ထွက် လမ်းဆောင်ရွက်ထားရှိမှု၊ အပေါ့ စားမီးသတ်စက်ထားရှိမှု၊ မီးသတ် ရေငုတ်တပ်ဆင်ထားရှိမှု၊ မီးသတ် ရေလှောင်ကန်များ ဆောင်ရွက် ထားရှိမှုတို့ကို စစ်ဆေး၍ ခရိုင်/ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များမှ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဈေးသူ၊ ဈေးသားများအား မီးသတ်ဆေး ဘူးများဖြင့် မီးငြိမ်းသတ်မှု သရုပ် ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(ကဆ)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

✰ ရှေ့ဖုံးမှ

၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ "နမောတဿ" သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို စတင်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက အခမ်းအနားအဖွင့်စာတမ်းကိုဖတ်ကြားလျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ဘုရားကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ မဟာထေရ်က သာရဏီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဝိဇ္ဇာနန္ဒာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် နယားကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယထံလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်)တိုက် ကျောင်းဆရာတော် ဘဒ္ဒန္တ ပညာဇောတထံလည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း ဆရာတော် ဘဒ္ဒန္တ နာယကာဘိဝံသထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

စာမျက်နှာ ၄ သို့ ✰





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိသည့် ဦးကျော်စိုးဝင်း(ခ) ဦးခန့်စည်သူအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသူ သူရဦးမြင့်မောင် အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဝိစိတ္တာနန္ဒာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် နယားကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒိယထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့ရရှိသည့် ဒေါ်ညွန့်ယဉ်ဝင်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် သီဟသုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် ဒေါ်ခင်နှင်းဝေအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။

☆ စာမျက်နှာ ၃ မှ

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာ စရိယ ဘွဲ့ရရှိသည့် ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီးက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ကလျာသိင်္ဂီထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ယင်းနောက် သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းရာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိသည့် ဦးကျော်စိုးဝင်း(ခ) ဦးခန့်စည်သူ၊ သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိကြသည့် ဦးဇော်လတ်နှင့် ဦးတင်မောင်ဝင်းတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ ကော်မရှင်ဒုတိယဥက္ကဋ္ဌက သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသူ သူရဦးမြင့်မောင်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီးက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့ရရှိကြသည့် ဒေါက်တာ ငွေးငွေးခိုင်၊ ဒေါ်ငွေးငွေးဝင်း၊ ဒေါ်ညွန့်ယဉ်ဝင်း၊ ဒေါ်သီတာအောင်၊ သီရိသုဓမ္မသိင်္ဂီ ဘွဲ့ရရှိကြသည့် ဒေါ်နန်းအေးခန့်၊ ဒေါ်ခင်သီတာ၊ သီဟသုဓမ္မသိင်္ဂီ ဘွဲ့ရရှိကြသည့် ဒေါ်စမ်းစမ်းအေး၊ ဒေါ်ဥမ္မာမြင့်၊ ဒေါ်နီလာ၊ ဒေါ်ဝါဝါသင်း၊ ဒေါ်သဥ္ဇာဝင်းစိန်၊ ဒေါက်တာ ဒေါ်နန်းကူးကူ၊ ဒေါ်သီတာလွင်တို့အား လည်းကောင်း၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ၏ဇနီးက သီဟသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်တင်မိုးနွယ်၊ ဒေါက်တာ အေးခိုင်ညွန့်၊

စာမျက်နှာ ၅ သို့ ☆





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်)တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တ ပညာဇောတထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

☆ စာမျက်နှာ ၄ မှ

ဒေါ်ခင်နှင်းဝေ၊ ဒေါ်မာလာတင့်၊ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်လှဝင်း၊ ဒေါ်စုညွန့်ဦး၊ ဒေါ်သန်းသန်းအေး၊ ဒေါက်တာနန္ဒာမွှန်းနှင့် ဒေါ်ကြူကြူစိုးတို့အားလည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယကဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာ ဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အလှူရှင်များက ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော်အပူဇော်ခံတော်မူခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပ ဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများအား မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ သက်ဆိုင်ရာမဏ္ဍပ်များမှ ဆွမ်းဆန်စိမ်း နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင် ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွှင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင် စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၄၄ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စွမ်းစွမ်းတမံဆောင်ရွက်ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်း လိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

**သရေစည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ ဦးသန်းထွန်းဦး | ဥက္ကဋ္ဌ | နေပြည်တော်ကောင်စီ |
| ၂။ ဦးစိုးသိန်း | ဝန်ကြီးချုပ် | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၃။ ဦးတင်မောင်ဝင်း | ဝန်ကြီးချုပ် | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |

**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ ဦးခက်ထိန်နန် | ဝန်ကြီးချုပ် | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂။ ဦးစောမြင့်ဦး | ဝန်ကြီးချုပ် | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃။ ဒေါက်တာဝုန်ဆွန်းထန် | ဝန်ကြီးချုပ် | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄။ ဦးမြတ်ကို | ဝန်ကြီးချုပ် | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅။ ဦးမျိုးဆွေဝင်း | ဝန်ကြီးချုပ် | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆။ ဦးတင့်လွင် | ဝန်ကြီးချုပ် | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇။ ဒေါ်သန်းသန်းဆွေ | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

| | | |
|---|---|---|
| ၁။ ဒေါက်တာဝါဝါမောင် | ပြည်ထောင်စုဝန်ကြီး | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂။ ဦးစိန်ဦး | ဝန်ကြီးချုပ် | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃။ ဦးလွင်ဦး | ဥက္ကဋ္ဌ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး |
| ၄။ ဦးပေါ်လွင်စိန် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | |
|---|---|---|
| ၁။ ဦးထင်ကျော်သူ | ဒုတိယဝန်ကြီး | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) |
| ၂။ ဗိုလ်ချုပ်အောင်မျိုးသန့် | ဒုတိယဝန်ကြီး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ ဗိုလ်ချုပ်မင်းသူ | ဒုတိယဝန်ကြီး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၄။ ဦးနိုင်မင်းကျော် | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၅။ ဦးဟန်ဝင်းအောင် | ဒုတိယဝန်ကြီး | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| ၆။ ဦးသန့်စင်လွင် | ဒုတိယဝန်ကြီး | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၇။ ဦးသိုက်စိုး | ဒုတိယဝန်ကြီး | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၈။ ဦးနေမျိုးလှိုင် | ဒုတိယဝန်ကြီး | ပညာရေးဝန်ကြီးဌာန |
| ၉။ ဦးဇင်မင်းထက် | ဒုတိယဝန်ကြီး | အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန |
| ၁၀။ ဦးထိန်လင်း | ဒုတိယဝန်ကြီး | အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန |
| ၁၁။ ဦးတိုးရီ | အဖွဲ့ဝင် | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး |
| ၁၂။ ဗိုလ်ချုပ်ကိုလေး | ဒုတိယဝန်ကြီး(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ ဦးစိုးကြည် | ဒုတိယဝန်ကြီး(ငြိမ်း) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၁၄။ ဒေါ်အေးအေးမော် | တရားသူကြီးချုပ် | ကချင်ပြည်နယ်တရားလွှတ်တော် |
| ၁၅။ ဦးထွန်းထွန်းဦး | တရားသူကြီးချုပ် | ကယားပြည်နယ်တရားလွှတ်တော် |
| ၁၆။ ဦးညွန့်လင်း | တရားသူကြီးချုပ် | ကရင်ပြည်နယ်တရားလွှတ်တော် |
| ၁၇။ ဒေါ်မိမိမော် | တရားသူကြီးချုပ် | မကွေးတိုင်းဒေသကြီးတရားလွှတ်တော် |
| ၁၈။ ဒေါ်မြအေး | တရားသူကြီးချုပ် | ရခိုင်ပြည်နယ်တရားလွှတ်တော် |
| ၁၉။ ဒေါ်စန္ဒာသွယ် | တရားသူကြီးချုပ် | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |
| ၂၀။ ဗိုလ်မှူးကြီးရဲမိုး | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၁။ ဦးဇေယျာလင်း | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၂။ ဦးမင်းဦး | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၃။ ဦးဟန်သူ | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၄။ ဗိုလ်မှူးကြီးကျော်သူရ | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၅။ ဦးမျိုးဆွေ | စီးပွားရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၆။ ဦးတိန့်ဆောင် | သယံဇာတရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၇။ ဦးမိုးမင်းသိန်း | လူမှုရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၈။ ဦးခင်မောင်ထွေး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၉။ ဦးကျော်မင်းခိုင် | တိုင်းရင်းသားရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၀။ ဒေါ်နန်းလှလှအေး | ဥပဒေချုပ် | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၁။ ဗိုလ်မှူးကြီးသန်းစိုးအောင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၂။ ဦးစောဟူးဟူး | သယံဇာတရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၃။ ဦးအောင်မျိုးသိန်း | လူမှုရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၄။ ဦးအောင်မျိုးသန်း | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၅။ ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၆။ ဦးကြည်မြိုင် | ဥပဒေချုပ် | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၇။ ဗိုလ်မှူးကြီးမင်းသူကျော် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၈။ ဦးစောခင်မောင်မြင့် | စီးပွားရေးရာဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၉။ ဦးညီညီဇော် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၄၀။ ဦးစန်းကို | တိုင်းရင်းသားရေးရာဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၄၁။ ဦးရဲလွင် | ဥပဒေချုပ် | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၄၂။ ဦးဝင်းဇော်ဦး | လူမှုရေးရာဝန်ကြီး | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၃။ ဦးနေလင်းအောင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၄။ ဦးစိန်ထွန်းလှ | တိုင်းရင်းသားရေးရာဝန်ကြီး | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၅။ ဦးဆွန်းဒုတ်ကျင့် | ဥပဒေချုပ် | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၆။ ဗိုလ်မှူးကြီးဝင်းတင်စိုး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၇။ ဒေါ်ရီရီသန်း | စီးပွားရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၈။ ဦးတင်သန်းဝင်း | သယံဇာတရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၉။ ဦးညွန့်ဝင်းအောင် | လူမှုရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၀။ ဦးခင်မောင်အေး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၁။ ဦးထွန်းထွန်းဝင်း | ဥက္ကဋ္ဌ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၂။ ဦးမောင်ကြီး | စီးပွားရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၃။ ဦးခင်မောင်မြင့် | သယံဇာတရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၄။ ဦးသက်နိုင် | လူမှုရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၅။ ဦးအောင်ဇော်လှိုင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၆။ ဦးစောမာတင်လှုသာ | တိုင်းရင်းသားရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၇။ ဦးအုန်းသန်း | ဥပဒေချုပ် | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၈။ ဦးတင်ဦး | စီးပွားရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၉။ ဦးတင်သိန်း | သယံဇာတရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၀။ ဦးမျိုးအောင် | လူမှုရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၁။ ဦးတင်ဆွေ | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၂။ ဦးစောလင်းအောင် | တိုင်းရင်းသားရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၃။ ဦးခင်မောင်တင့် | ဥပဒေချုပ် | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၄။ ဗိုလ်မှူးကြီးမိုးမင်းသိန်း | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၅။ ဦးအောင်ချိန် | စီးပွားရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၆။ ဦးစိုင်းမြင့်အေး | သယံဇာတရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၇။ ဦးမျိုးမြင့် | လူမှုရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၈။ ဦးအောင်သူဦး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၉။ ဦးထွန်းခင် | တိုင်းရင်းသားရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၀။ ဦးတင့်ဝေ | ဥပဒေချုပ် | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၁။ ဗိုလ်မှူးကြီးနေလင်းစိုး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၂။ ဦးသိန်းငွေ | စီးပွားရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၃။ ဦးရွှေဇင် | သယံဇာတရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၄။ ဦးအောင်ကျော်မိုး | လူမှုရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၅။ ဦးအောင်ဇော်ဦး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၆။ ဦးစိုင်းနွမ် | တိုင်းရင်းသားရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၇။ ဦးကျော်ဆန်း | စည်ပင်သာယာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၈။ ဦးမြင့်အောင် | ဥပဒေချုပ် | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၉။ ဗိုလ်မှူးကြီးကျော်စွာမြင့် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၀။ နိုင်လယီတမ(ခ) နိုင်ခင်မောင်ဇင် | စီးပွားရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၁။ Dr အောင်မြတ်ကျော်စိန် | သယံဇာတရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၂။ ဦးတင်စန်းနိုင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၃။ ဦးခင်မောင်ဦး | တိုင်းရင်းသားရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၄။ ဦးမြင့်အောင် | ဥပဒေချုပ် | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၅။ ဗိုလ်မှူးကြီးကျော်သူရ | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၆။ ဦးစံရွှေမောင် | စီးပွားရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၇။ ဦးသက်ထွန်း | လူမှုရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၈။ ဦးအောင်ကျော်မိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၉။ ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၉၀။ ဦးလှသိန်း | ဥပဒေချုပ် | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |

စာမျက်နှာ ၇ သို့ ✣

❖ စာမျက်နှာ ၆ မှ

| | | | |
|---|---|---|---|
| ၉၁။ | ဗိုလ်မှူးကြီးဝင်းတင့် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၂။ | ဦးမျိုးမြင့်အောင် | စီးပွားရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၃။ | ဦးဇော်ဝင်း | သယံဇာတရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၄။ | ဦးငွေအောင် | လူမှုရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၅။ | ဦးကျော်ကျော်စိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၆။ | ဦးစောဂျက်ကော့ထူး | တိုင်းရင်းသားရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၇။ | ဦးဗိုလ်ငွေး | စည်ပင်သာယာရေးဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၈။ | ဒေါ်ဖြူမာဝေ | ဥပဒေချုပ် | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၉။ | ဗိုလ်မှူးကြီးစိန်ဝင်း | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၀။ | ဦးခွန်သိန်းမောင် | စီးပွားရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၁။ | ဦးစိုင်းလိတ် | သယံဇာတရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၂။ | ဦးမင်းမင်းလွင် | လူမှုရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၃။ | ဦးနေဝင်းအောင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၄။ | ဦးအောင်ကြည်ဝင်း | တိုင်းရင်းသားရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၅။ | ဦးစိုင်းကျော်ဖံ | ဥပဒေချုပ် | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၆။ | ဦးအာကာလင်း | ဥက္ကဋ္ဌ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၇။ | ဦးခွန်ရဲထွေး | ဥက္ကဋ္ဌ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၈။ | တားသိန်းဇော် | ဥက္ကဋ္ဌ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၉။ | ဦးအုန်းမြင့် | သယံဇာတရေးရာဝန်ကြီး | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၁၁၀။ | ဦးခင်မောင်ကြည် | လူမှုရေးရာဝန်ကြီး | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၁၁၁။ | ဦးစောလင်းခယ် | တိုင်းရင်းသားရေးရာဝန်ကြီး | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၁၁၂။ | ဒေါ်ခင်ခင်နွယ် | ဥပဒေချုပ် | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## နိုင်ငံခြားသား အကျဉ်းသား / အကျဉ်းသူ ၁၀ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်အမှတ် ၇ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူ ၁၀ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## အကျဉ်းသား / အကျဉ်းသူ ၇၃၃၇ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်အမှတ် ၈ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က) အရ ပြစ်မှုကျူးလွန်၍ အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၇၃၃၇ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံး ကြားနာစစ်ဆေးဆဲ အမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်အမှတ် ၉ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

### အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က) ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကိုပိတ်သိမ်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က) ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံး ကြားနာစစ်ဆေးဆဲ အမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ရသူများ မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရရှိကြသည့်အတွက် မိသားစုဝင်များနှင့် ထပ်တူဝမ်းမြောက်ပီတိဖြစ်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏
သတင်းထုတ်ပြန်ချက် ( ၂ /၂၀၂၆ )

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း၊ အကျဉ်းထောင်/ အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/အကျဉ်းသူများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ အမိန့် အမှတ် (၅/၂၀၂၆) ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်း၊ အမိန့်အမှတ် (၆/၂၀၂၆) ဖြင့် အကျဉ်းသား/အကျဉ်းသူ ၂၈၂၅ ဦးကို ယင်းတို့ ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၇/၂၀၂၆) ဖြင့် နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူ ၁၀ ဦးကို ယင်းတို့ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်း၊ အမိန့်အမှတ် (၈/၂၀၂၆) ဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) နှင့် ပုဒ်မ ၅၂(က) အရ ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/အကျဉ်းသူ ၇၃၃၇ ဦးကို ယင်းတို့ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၉/၂၀၂၆) ဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က) ဖြင့် လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံး ကြားနာစစ်ဆေးဆဲ အမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ပေးခြင်းစသည့် အမိန့်များ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ဤကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် တရားရုံးကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ လွတ်ငြိမ်းခွင့်အမိန့် ထုတ်ပြန်ခြင်းများသည် ပြည်တွင်းစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

၃။ နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ရာရောက်စေပြီး နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေမည့် လုပ်ဆောင်ချက်များပင်ဖြစ်ပါသည်။

၄။ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ရသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့် ရရှိပြီး ယင်းတို့၏ လူမှုစီးပွားရေးနယ်ပယ်တွင် ပါဝင်ဆောင်ရွက်လာနိုင်သည့် အခွင့်အရေးရရှိကြသည့်အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် သက်ဆိုင်ရာ မိသားစုဝင်များနှင့် ထပ်တူ ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်

# မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် သာသနာ့နုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပ





**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် သာသနာ့နုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ၊ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တထုတိဝရ အမှူးပြု၍ ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် အနုပညာဦးစီးဌာန အဖွဲ့က ဗုဒ္ဓရောင်ခြည်တော်ဖွင့် ထူးမခြားနားသီချင်းဖြင့် ပူဇော်သည်။

ဆက်လက်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ဆရာတော်ထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်များထံက ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထား၍ ဂုဏဝိသိဋ္ဌမင်္ဂလာကေပိုဒ်ရတုကို အနုပညာဦးစီးဌာနအဖွဲ့က ဂုဏ်ပြုဖတ်ကြားပူဇော်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးတို့က ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်းမှ ၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိသည့် ဆရာတော်ကြီး (၃၄)ပါး၊ သီလရှင်ဆရာကြီး (၂)ပါးတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခြင်းနှင့် သာသနာ့နုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ် (၄)ဦးတို့အား ဘွဲ့တံဆိပ်အဆောင်အယောင်များ ချီးမြှင့်ခြင်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသထံက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေပြီးနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ပထမပိုင်း အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

၎င်းနောက် ဒုတိယပိုင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို အဆိုပါကျောင်းတော်ကြီးတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများနှင့် အလှူရှင်များက ဘုရားအမှူးပြုပြီး ပင့်သံဃာတော်ဆရာတော်ကြီးများ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)







Mandalay City Development Committee
MANDALAY
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ တက်ရောက်











**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီး (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ ဆင်ဖြူကန်ကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ တောင်သူများနှင့် ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက သီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသော ကျောက်ဆည်ခရိုင်၊ မိုးစပါး မျိုးစေ့ထုတ် တောင်သူထူးချွန်ဆုရရှိသော ကျောက်ဆည်မြို့နယ်နှင့် စပါးစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော မတ္တရာမြို့နယ်၊ ဂျုံစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော ပြင်ဦးလွင်မြို့နယ်၊ မြေပဲစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော ဝမ်းတွင်းမြို့နယ်၊ နေကြာမျိုးစေ့ထုတ် တောင်သူထူးချွန်ဆုရရှိသော ရမည်းသင်းမြို့နယ်၊ နေကြာစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော စဉ့်ကိုင်မြို့နယ်၊ မိုးနှမ်းစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော ကျောက်ဆည်မြို့နယ်၊ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော မြစ်သားမြို့နယ်၊ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှုတောင်သူထူးချွန်ဆုရရှိသော ငါန်းဇွန်မြို့နယ်၊ ချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆု ရရှိသော မြစ်သားမြို့နယ်၊ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော မလှိုင်မြို့နယ်တို့မှ တာဝန်ရှိသူများနှင့် တောင်သူများအား ထူးချွန်ဆုတံဆိပ်နှင့် ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လယ်ယာ၊ စိုက်ပျိုးရေးနှင့် ဆက်စပ်ကဏ္ဍအလိုက် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက ပြခန်းများ၊ မျိုး၊ မြေ၊ ရေ၊ နည်း အထောက်အကူပြု အသိပညာပေး ပြခန်းများ၊ လယ်ယာသုံးစက်ကိရိယာများနှင့် စက်ပစ္စည်းများ၊ မျိုးကောင်း၊ မျိုးသန့်စေ့မျိုးများနှင့် သွင်းအားစုများ ဝယ်ယူနိုင်သည့် ပြခန်း ဆိုင်ခန်း စုစုပေါင်း ၂၅ ခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် တောင်သူလယ်သမားစု၏ ပေါင်းစည်းအင်အားဖြင့် အမျိုးသားအကျိုးစီးပွားကဏ္ဍမြှင့်တင်ရန်၊ နိုင်ငံ၏ အချက်အချာ စီးပွားရေးမဏ္ဍိုင်အဖြစ် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံ၏ စီးပွားရေးကို တစ်တပ်တစ်အားမြှင့်တက်အောင်ဖန်တီးပေးနေသော ကျေးဇူးရှင်တောင်သူကြီးများကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မြင်းခြံဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ (၄၉)ဦး လွတ်ငြိမ်းခွင့်ရရှိ

**မြင်းခြံ မတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံဗဟိုအကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူများအနက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်သွားသော အကျဉ်းသား၊ အကျဉ်းသူ (၄၉) ဦးအား လွတ်ပေးခြင်းကို ယနေ့နေ့လယ်က မြင်းခြံဗဟိုအကျဉ်းထောင် အလုပ်ရုံခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းမြက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြင်းခြံအကျဉ်းဦးစီးဌာန တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ချိုက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၁(၁)နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး လွတ်မြောက်သွားသော အကျဉ်းသား၊ အကျဉ်းသူများအား ထောင်လွတ်လက်မှတ်၊ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ကျန်းမာရေးထောက်ခံချက်၊ လွတ်လူစားစရိတ်နှင့် ခရီးစရိတ်များ ပေးအပ်ခဲ့သည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် မြင်းခြံဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၃၁ ဦး၊ အကျဉ်းသူ ၁၈ ဦး၊ စုစုပေါင်း ၄၉ ဦး လွတ်ငြိမ်း သက်သာခွင့်ရခဲ့ကြောင်း သိရ သည်။

**ချစ်ဦးနေ(မြင်းခြံ)**

# မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရား (၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ





**မန္တလေး မတ် ၂**

မန္တလေးတောင်တော် ဆုတောင်းပြည့် မြတ်စွာဘုရား၏ (၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံ မြို့နယ်ရှိ မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရား ရင်ပြင်တော်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီး သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ (စတုဘုမ္မိက) နဂါး ပရိယတ္တိစာသင်တိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါသေဋ္ဌသာရ၊ မိုးကောင်းတိုက် ရတနာသိင်္ဂီ ဒိုက်ဦးကျောင်းဆရာ တော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ် တော် တရားသူကြီးချုပ်၊ တိုင်း ဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီး များနှင့် တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက် ရောက် ကြည်ညိုကြပြီး နမော တဿသုံးကြိမ် ရွတ်ဆိုဘုရား ကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဦးစွာ မိုးကောင်းတိုက် ရတနာသိင်္ဂီ ဒိုက်ဦးကျောင်း ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် သံဃာတော်အရှင်သူမြတ်တို့ထံမှ အန္တရာယ်ကင်း ပရိတ်တရား တော်များကို နာယူကြည်ညိုကြ သည်။

၎င်းနောက် လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းရာ မိုးကောင်းတိုက် ဒိုက်ဦးကျောင်း ဆရာတော် အမှူးပြုပြီး ဆရာ တော်၊ သံဃာတော်များထံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ ကြသည်။

ဆက်လက်၍ တိုင်းဒေသ ကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (စတုဘုမ္မိက) နဂါးပရိယတ္တိ စာသင်တိုက် ဆရာတော် မဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါသေဋ္ဌသာရထံမှ လှူဒါန်းမှု အစုစုအတွက် အနုမောဒနာ တရားနာယူ၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုပြီး အခမ်းအနားပထမပိုင်းကို ရုပ်သိမ်းခဲ့သည်။

၎င်းနောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ဒုတိယပိုင်းကို ရင်ပြင်တော်၌ ဆက်လက် ကျင်းပရာ ဘုရားအမှူးပြုပြီး တိုင်းဒေသကြီးသံဃနာယက အဖွဲ့ ဥက္ကဋ္ဌ(စတုဘုမ္မိက) နဂါး ပရိယတ္တိစာသင်တိုက် ဆရာ တော်၊ မိုးကောင်းတိုက် ရတနာ သိင်္ဂီဒိုက်ဦး ကျောင်းဆရာတော် နှင့် ဆရာတော်၊ သံဃာတော် စုစုပေါင်း (၅၅)ပါးတို့အား ဆွမ်း ဆန်စိမ်းများနှင့် နဝကမ္မဝတ္ထုငွေ များ လောင်းလှူခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

---

# ကျွန်တော်နှင့်----- စည်ရှည်တံခါး

**DSE ဦးဟန်ဇော်တိုးရေ···**

ကျွန်တော်တို့ မန္တလေးမြို့မှာ ရွှေနန်းတော်မြို့ရိုးကြီးက တစ်ဖက်ကို (၁၄)ပြစီ ရှိပါတယ်။ ကျုံးရဲ့ တောင် ဘက်နှင့် မြောက်ဘက်ဆိုလို့ရှိရင် လမ်း(၈၀)ကနေ (၆၆)လမ်းအထိ (၁၄)ပြရှိပါတယ်။ ကျုံးရဲ့ အရှေ့ဘက် နှင့်အနောက်ဘက်မှာလည်း (၂၆)လမ်း ကနေ (၁၂)လမ်းအထိ (၁၄)ပြ ရှိပါ တယ်။ အဲကျတော့ (၁၄)ပြရဲ့ တဝက် (၇)ပြ (၆၆+၇=၇၃) (၈၀-၇=၇၃)

(၇၃)လမ်းက တောင်ဘက်နှင့် မြောက်ဘက် မြို့ရိုးတွေအတွက် အလယ်ခေါင်မှာ symmetric ကျကျ အလယ်ခေါင်မှာ ဖောက်ထားတဲ့ တံတားတွေဖြစ်ပါတယ်။ အဲဒီလိုပဲ အရှေ့ဘက်နှင့် အနောက်ဘက်ဟာ ဆိုလို့ရှိရင် (၂၆)လမ်းနှင့် (၁၂)လမ်း ဆိုတော့ (၁၄)ပြ ရှိပါတယ်။ သူတို့ရဲ့ symmetric ကျကျ အလယ်ခေါင်မှာ ရှိတဲ့ နေရာဟာဆိုလို့ရှိရင် (၇)ပြ ဖြစ်ပါတယ်။ (၁၂+၇=၁၉) (၂၆-၇=၁၉) (၁၉)လမ်းတည့်တည့်မှာ အရှေ့ ဘက်ကတံခါး ရှိပါတယ်။ ဒါပေမဲ့ ရွှေမြို့တော်ကြီးရဲ့ အနောက်ဘက် မှာတော့ အလယ်ခေါင်တည့်တည့်မှာ ကျုံးကူးတံတား မရှိခဲ့ပါဘူး ခင်ဗျာ။ ဒီကျုံးကူးတံတားက နန်းမြို့တော်ကြီး တည်ဆောက်ခဲ့စဉ်တုန်းကတော့ ရှိခဲ့ တယ်လို့ ရာဇဝင်သမိုင်းမှတ်တမ်း များမှာ တွေ့ရပါတယ် ခင်ဗျာ။ ဒါပေမဲ့ ဒုတိယကမ္ဘာစစ်အတွင်းမှာ တံတားကြီး ပျက်စီးခဲ့တယ်လို့ သိရပါတယ်ခင်ဗျာ။ ဒါကြောင့်မို့လို့ ဒီတံတားကြီးကို ၂၀၂၄ ခုနှစ် ဩဂုတ်လပိုင်းမှာ စတင် တည်ဆောက်ပြီးတော့ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသော အားဖြင့် ဒီတံတားကြီးကိုဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ အရင်တုန်းကတော့ တောင်ဘက်၊ အရှေ့ဘက်၊ မြောက်ဘက် တွေမှာ Symmetric ကျတဲ့တံတား တွေရှိပြီးတော့ ယခုဆိုလို့ရှိရင် အနောက် ဘက်မှာပါ symmetric ကျတဲ့ တံတားကြီးတစ်ခု ပေါ်လာပါပြီ။ ဒီတံတားကြီးကိုတော့ စည်ရှည်တံခါး လို့ခေါ်ပါတယ်။ ဒီတံခါးတွေကို နာမည်တပ် ခေါ်ထားတာတွေ ရှိပါ တယ်။ ခတ်နံ မိတ်နံ ဘေးရန်ပယ်ရှား ရွှေမြို့တော်တံခါးကြီးများကို တည်ဆောက် ခဲ့တယ်လို့ သိရပါတယ်။ မြောက်ဘက် မျက်နှာမှ အနောက်ဘက်အစွန်းဆုံးက ဆွေသားရဲ့ ခတ်နံတံခါးကတော့ စည်သာတံခါးပဲ ဖြစ်ပါတယ်။ နောက် တစ်ခါ မြောက်ဘက်မျက်နှာမှာ အလယ် ခေါင်တံခါးကတော့ ဝံသေခတ်ကို ယူပြီး လေးသိန်းတံခါးလို့ ခေါ်ပါတယ်။ ဆွေသား ၊ ဝံသေ ၊ အောင်ပ အရှေ့ မြောက်ဒေါင့်ကတော့ အောင်ပခတ် ဖြစ်ပါတယ်။ အဲတာကို မန်းဦးတံခါးလို့ ခေါ်ပါတယ်။ အရှေ့မြောက်ဒေါင့် အရှေ့ဘက်မှာတော့ ကုလားခတ်ကို လွန်ကဲတံခါးလို့ ခေါ်ပါတယ်။ အရှေ့ ဘက်တည့်တည့် (၁၉)လမ်းမှာတော့ အနွှောခတ်ကိုတော့ ဦးထိပ်တံခါးလို့ ခေါ်ပါတယ်။ အရှေ့တောင်ထောင့်ရဲ့ အရှေ့ဘက်ခြမ်းရှိတဲ့နေရာကို ဆွေသား ခတ်ကို သောင်းညွှတ်တံခါးလို့ ခေါ်ပါတယ်။ အရှေ့တောင်ထောင့်ရဲ့ တောင်ဘက်မျက်နှာမှာကျတော့ ကုလားခတ်ကို ကျွန်းလုံးယူတံခါးလို့ ခေါ်ပါတယ်။ တောင်ဘက်တည့်တည့် ကတော့ ဂဗ္ဗေခတ်ကို ကျော်မိုးတံခါး လို့ခေါ်ပါတယ်။ နောက်ပိုင်းမှာ ကြေးမုံ တံခါးလို့လည်း ခေါ်ကြပါတယ်။ တောင်ဘက်မျက်နှာရဲ့ အနောက်တောင် ထောင့်မှာရှိတဲ့ နောင်ရင်းခတ်ကိုတော့ ရန်နည်းတံခါးလို့ခေါ်ပါတယ်။ အနောက်ဘက်မျက်နှာရဲ့ တောင်ဘက် အစွန်းဆုံးအနောက်တောင်ထောင့် ကတော့ ဂဗ္ဗေခတ်ကို ကြေးမုံတံခါး လို့ ခေါ်ပါတယ်။ အနောက်တည့်တည့် တံခါးကတော့ စ ရေခတ်ကို ယူထား တဲ့ အတွက်ကြောင့် စည်ရှည်တံခါးလို့ ခေါ်ပါတယ်။ စည်ရှင်တံတားလို့လည်း ခေါ်ပါတယ်။ တချို့ စက်ရှင်တံတား လို့လည်း ခေါ်ပါတယ်။ အနောက်ဘက် အနောက်မြောက်ထောင့်မှာ ရှိတဲ့တံခါး ကတော့ နောင်ရင်းခတ်ကို ယူပြီး ထင်ရှားတံခါးလို့ခေါ်ပါတယ်။ ဒါကြောင့် မို့လို့ ခတ်နံ မိတ်နံ ဘေးရန်ပယ်ရှား ရွှေမြို့တော်တံခါးကြီးများမှာ ယခုဆိုရင် လေးပြင်လေးရပ်အတွက် Symmetric ကျတဲ့ တံတားကြီး လေးစင်းလည်း ဖြစ်တည်လာပါပြီဆိုတဲ့အကြောင်း မန္တလေးသားဖြစ်တဲ့ ကိုဟန်ဇော်တိုး တို့လို့ အဝေးရောက် မန္တလေးသားတွေ သိစေဖို့အတွက် တင်ပြလိုက်ရပါတယ် ခင်ဗျာ။

**ကိုးကား - မောင်လောက**

**ရွှေဇင်**

---

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**မကွေး မတ် ၂**

ပူပြင်းခြောက်သွေ့သော နွေ ရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် မြို့နယ်အတွင်းရှိ မိဘပြည်သူ များ၊ သက်ကြီးဘိုးဘွားများ၊ ကလေးသူငယ်များနှင့် ကျောင်း သား၊ ကျောင်းသူများ မီးဘေး လုံခြုံရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် အသိပညာ ပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၈ ရက်နေ့ နံနက်ပိုင်းက မကွေး တက္ကသိုလ်ဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဦးစွာ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူတစ်ဦးက လျှပ်စစ် အန္တရာယ်ကင်းရှင်းရေးအတွက် အကျယ်တဝင့်ဟောပြောခဲ့သည်။

အသိပညာပေးဟောပြောပွဲသို့ မကွေးတက္ကသိုလ်မှ ပါမောက္ခ ချုပ်နှင့် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ စုစု ပေါင်း(၅၀၀)ဦးခန့် တက်ရောက် ခဲ့ပြီး လျှပ်စစ်အန္တရာယ်ကင်း ဝေးရေးအသိပညာပေး လက်ကမ်း စာစောင်နှင့် စတစ်ကာများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀



# နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအား လွတ်ငြိမ်းခွင့်ပြု

နေပြည်တော် မတ် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ယနေ့တွင်ကျရောက်သည့် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရန်နှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် နိုင်ငံတော်၏မေတ္တာနှင့် စေတနာကိုနားလည်စေရန် ရှေးရှု၍ ၂၀၂၆ ခုနှစ် မတ်လ ၂ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများ အက်ဥပဒေအရ ပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(စ)အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက်(ယာယီပြင်ဆင်ချက်) အက်ဥပဒေအရပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ် လက်နက်အမိန့်အရ ပြစ်မှုများ၊ ၂၀၂၃ ခုနှစ်၊ လက်နက်ဥပဒေအရပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်အားလည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ



တောင်ငူမြို့၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား အကျဉ်းသူများအား တွေ့ရစဉ်။


ကျိုင်းတုံမြို့၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား အကျဉ်းသူများအား တွေ့ရစဉ်။


လားရှိုးမြို့၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား အကျဉ်းသူများအား တွေ့ရစဉ်။


မော်လမြိုင်မြို့၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား အကျဉ်းသူများအား တွေ့ရစဉ်။

အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ၂၈၂၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အားလည်းကောင်း ခွင့်ပြုခဲ့သည်။

ထို့ပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)အရ ပြစ်မှုကျူးလွန်၍ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ၇၃၃၇ ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ယင်းအပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က) ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံးကြားနာစစ်ဆေးဆဲ အမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း၍ တရားခံများအား အမှုမှကင်းလွတ်ခွင့်ပြုခဲ့သည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသူ အကျဉ်းသားများကို ၎င်းတို့ ကျူးလွန်ခဲ့သည့်ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များ ချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့်သည့် လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်ပေးထားပြီး ယခုပြန်လည်လွတ်မြောက်လာသည့်အချိန်တွင် မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၁၃၉၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

မန္တလေး မတ် ၂

မန္တလေးမြို့ရှိ မန္တလေးဗဟိုအကျဉ်းထောင်မှ ယနေ့တွင် အကျဉ်းသား၊ အကျဉ်းသူ ၁၃၉၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြသည့် အကျဉ်းသား ၁၀၆၅ ဦးနှင့်အကျဉ်းသူ၃၃၃ဦးတို့အား မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်းနှင့် တာဝန်ရှိသူတို့က ယနေ့နံနက်ပိုင်းတွင် မန္တလေးဗဟိုအကျဉ်းထောင်၌ တွေ့ဆုံ၍ ဆုံးမဩဝါဒစကားများ ပြောကြားကြသည်။

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လုပ်အားခဆုငွေနှင့် စားစရိတ်၊ ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေး၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။



" ဒီနေ့ လွတ်ငြိမ်းချမ်းသာခွင့်ရတဲ့သူတွေကို နိုင်ငံတော်ကနေ လမ်းစရိတ်နဲ့ ခရီးစရိတ်တွေကို တွက်ချက်ပြီး ထုတ်ပေးပါတယ်။ လုပ်အားခံစားခွင့်ကိုလည်း တွက်ချက်ပြီး ထုတ်ပေးပါတယ်။ ဒေသအလိုက် ပြန်ကြမယ့်သူတွေကို ဌာနပိုင်မော်တော်ယာဉ်တွေနဲ့ သက်ဆိုင်ရာကားဂိတ်တွေဆီ လိုက်လံပို့ဆောင်ပေးပါတယ်။ တကယ်လို့ မိသားစုက လာကြိုတယ်ဆိုရင် ဝမ်းပန်းတသာကြိုဆိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါတယ်။ အခုလို လွတ်မြောက်ကြတဲ့သူတွေအနေနဲ့ မိသားစုနဲ့အတူ ကျန်းမာစွာပြန်နိုင်ပြီး နိုင်ငံတော်ကိုအကျိုးပြုကာ မိသားစုဘဝတွေ အေးချမ်းသာယာတော့မှာဖြစ်တဲ့အတွက် တာဝန်ခံအရာရှိအနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်"ဟု မန္တလေးဗဟိုအကျဉ်းထောင်မှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်မောင်က ပြောသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူ တစ်ဦးက "အခုလို လွတ်ငြိမ်းခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်လည်း အိမ်ကိုမြန်မြန်ပြန်ရတဲ့အတွက် အတိုင်းမသိပျော်ရွှင်မိပါတယ်။ အိမ်ကလည်း လာကြိုနေကြပါပြီ။ မိသားစုနဲ့လည်းတွေ့ရပြီး လုပ်စရာရှိတဲ့ အလုပ်တွေကိုလည်း ဥပဒေနဲ့အညီ အေးချမ်းစွာ ဆက်လက်နေထိုင် လုပ်ကိုင်သွားမှာပါ။ ကျွန်တော်တို့လို အကျဉ်းသား အကျဉ်းသူတွေအပေါ် သက်ညှာပြီးတော့ လွတ်ငြိမ်းခွင့်ပေးတဲ့ နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်တွေကို ကျေးဇူးတင်ရှိပါတယ်"ဟု ပြောသည်။

ထို့အတူ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူတစ်ဦးကလည်း "ကျွန်မအနေနဲ့ ပြစ်ဒဏ်တစ်နှစ်ခွဲ ကျခံနေရတာပါ။ အခုလို လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်လည်လွတ်မြောက်လာရတဲ့အတွက် ဝမ်းသာမိပါတယ်။ အပြင်မှာ ကျွန်မမိသားစုဝင်တွေ လာကြိုနေကြပါပြီ။ အခုလို လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။ အပြင်ရောက်ရင် အမှားတွေထပ်မလုပ်မိအောင် ဥပဒေဘောင်အတွင်းကနေပဲ နေထိုင်လုပ်ကိုင်သွားပါမယ်"ဟု ပြောသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်ငါးခုနှင့် ကုန်ထုတ်စခန်းခုနစ်ခုမှ အကျဉ်းသား ၁၅၂၉ ဦးနှင့် အကျဉ်းသူ ၄၉၂ ဦး စုစုပေါင်း ၂၀၂၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

မောင်အေးချမ်း



## သမိုင်းဝင်သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရား(၇၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**ပုသိမ်ကြီး မတ် ၂**

နှစ်စဉ် ကျင်းပမြဲဖြစ်သော ပုသိမ်ကြီးမြို့နယ်ရှိ သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရား၏ (၇၈) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လှမြင့်၊ တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်သယံဇာတရေးရာဝန်ကြီး ဦးရွှေခင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ အောင်မြေသာစံခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က ဗုဒ္ဓပူဇနီယပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်တရ သစ်ပင်စိုက်ပျိုးကြသည်။ ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် ဇီဝိတဒါနအဖြစ် ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး စုစုပေါင်း အကောင်ရေနှစ်သောင်းကို ဒုဋ္ဌဝတီမြစ်အတွင်း လွှတ်ပေးကြပြီး ပွဲဈေးတစ်လျှောက် လိုက်လံကြည့်ရှုကာ မြန်မာ့ခြင်းအလှခတ်ပွဲအား ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်လှမြင့်နှင့်ဝန်ကြီးများသည် သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်း၊ ပန်း၊ ရေချမ်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် အခမ်းအနားကို ဗုဒ္ဓသန္တက မဟာဓမ္မဗိမာန်တော်ကြီးတွင် ဆက်လက်ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဖူးမြော်ပြီး နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃနာယကအဖွဲ့ နာယကဆရာတော် ဘဒ္ဒန္တဃောသိတထံမှ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသည့် ပရိတ်တရားတော်များကို နာယူကြည်ညို၍ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ (အပေါ်ပုံ)

ထို့နောက် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဥတ္တမထံမှ ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကာ ရေစက်သွန်းလောင်းပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းနှင့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စာနည်းကိုကို(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့်ကျောင်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့အား ကွင်းဆင်းစစ်ဆေး

**ညောင်ဦး မတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် အခြေခံပညာအထက်တန်းကျောင်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊မီးဘေးကြိုတင်ဆောင်ရွက်ထားရှိမှုနှင့် ဖြေဆိုကြမည့်အခန်းများ အလင်းရောင် ကောင်းစွာရရှိရေးဆောင်ရွက်ထားရှိမှုတို့အား ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်တာဝန်ရှိသူများ မတ် ၂ ရက် နံနက် ၉ နာရီခွဲက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ညောင်ဦးခရိုင်ပညာရေးမှူး ဦးကျော်ဝင်း၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်ကော်မတီဝင်များသည် ညောင်ဦးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်း (ပုဂံ)သို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် စာမေးပွဲဖြေဆိုခန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ စာမေးပွဲဖြေဆိုမည့် အခန်းများ အလင်းရောင်ကောင်းစွာရရှိရေး စီမံဆောင်ရွက်ထားရှိမှု၊ မီးဘေးလုံခြုံရေးစီမံဆောင်ရွက်ထားရှိမှု၊ ကျောင်းကျန်းမာရေးဆေးခန်းဆောင်ရွက်ထားရှိမှု၊ သန့်စင်ခန်းများစီစဉ် ဆောင်ရွက်ထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ စီမံဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ)(၄၈၁)



## တောင်သူလယ်သမားနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြား၊ စံပြတောင်သူဆုရရှိသူများအား ဂုဏ်ပြုဆုငွေနှင့် သီးနှံမျိုးစုံ မျိုးစေ့များ ပေးအပ်

**မိုးကောင်း မတ် ၂**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့တွင် (၆၄)နှစ်မြောက်တောင်သူလယ်သမားနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲနှင့် စံပြတောင်သူဆုရရှိကြသူများအား ဂုဏ်ပြုဆုငွေနှင့် သီးနှံမျိုးစုံ မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၇ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌထံမှ ပေးပို့လာသည့် ၂၀၂၆ ခုနှစ် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ သဝဏ်လွှာကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့်က ဖတ်ကြားသည်။

ထို့နောက် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် မြို့နယ်အတွင်း စပါး၊ ပဲပုတ်၊ နေကြာ၊ မြေပဲတို့မှ နှစ်သီးထပ်အမြင့်မားဆုံးနှင့် တစ်ဧကအထွက်နှုန်းအမြင့်မားဆုံးဆုနှင့် စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ငန်းများမှ အများဆုံးစိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သော စံပြတောင်သူဆုရ ငါးဦးအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ငွေသားဆုနှင့် သီးနှံမျိုးစုံမျိုးစေ့များကို အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။




(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် မတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဦးဆောင်၍ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းနှင့် အသားငါးဒိုင်များ ပူးပေါင်း၍ ပြည်သူများ အခြေခံစားသောက်ကုန်များ ဝယ်ယူရာတွင် အဆင်ပြေစေရေး ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အခြေခံစားသောက်ကုန်များဖြစ်သည့် အသား၊ငါးနှင့် စားအုန်းဆီများအား စဉ်ဆက်မပြတ် ရောင်းချပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများအား ပြည်သူ့သက်သာဈေး ဖွင့်လှစ်၍ ရောင်းချပေးခဲ့သည်။

ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ ရောင်းချရာ၌ စားအုန်းဆီတစ်ပိဿာရည်ညွှန်းဈေး ငွေကျပ် ၇၃၆၀ဖြင့် ဝန်ထမ်းတစ်ဦးလျှင် ၅ ပိဿာဖြင့် စားအုန်းဆီ ပိဿာ ၁၀၀၊ ဝက်သား၊ အမဲသား၊ ဆိတ်သားတို့အား ဝန်ထမ်းတစ်ဦးလျှင် တစ်ပိဿာနှုန်းဖြင့် ဝက်သားတစ်ပိဿာငွေကျပ် ၂၆၀၀၀ ဖြင့် ၃၅ ပိဿာ၊ အမဲသားတစ်ပိဿာငွေကျပ် ၂၅၀၀၀ဖြင့် ၂၅ ပိဿာ၊ ဆိတ်သားတစ်ပိဿာငွေ ကျပ် ၂၈၀၀၀ ဖြင့် ၁၅ ပိဿာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

(၄၈၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## အပူဒဏ်အန္တရာယ်တားဆီးကာကွယ်ရေး နှိုးဆော်ချက်လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ မတ် ၂**

မကွေးတိုင်းဒေသကြီး၊အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် အပူဒဏ်အန္တရာယ်တားဆီးကာကွယ်ရေးနှိုးဆော်ချက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးဟောပြောခြင်းများကို ယမန်နေ့ နံနက် ၉ နာရီက ဆင်ပေါင်ဝဲမြို့ မြို့မဈေး အတွင်း၊ အပြင်နှင့် ကမ်းနားလမ်းတို့၌ ပြုလုပ်ခဲ့ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဒေသခံပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေခဲ့ပြီး အပူဒဏ်အန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့် အကြောင်းအရာများအား Hand Speakerဖြင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ (ဝဲပုံ)



အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်တွင် အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ဂနာမငြိမ်ခြင်း၊ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ တစ်ကိုယ်လုံး နုံးချိပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊ ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍ စိုစွတ်ခြင်း၊ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်းစသည့် သတိပြုရမည့် အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်းနှင့် အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်များ ပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# တပေါင်းလပြည့်နေ့တွင် မန္တလေးမြို့ရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

မန္တလေး မတ် ၂

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များတွင် တစ်ရက်အပါအဝင်ဖြစ်သည့် တပေါင်းလပြည့်နေ့(တပေါင်းပွဲတော်)တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ စေတနာ ကျွေးမွေးလှူဒါန်းကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ရှိ ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာ ပြည်သူများသည် မဟာမုနိရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြကာ ကုသိုလ်ကောင်းမှု ပြုလုပ်ကြသည်။

ထို့အတူ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိကျောက်တော်ကြီးဘုရား၊ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရားနှင့် အောင်တော်မူဘုရား၊ ဘုရားနီဘုရားတို့၌လည်း ပြည်သူများက ကုသိုလ်ပြုဆုတောင်းခြင်း၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများအားထုတ်ခြင်းတို့ကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်ကြသည်ကို တွေ့မြင်ရသည်။

ထို့ပြင် မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားနှင့် အနီးဝန်းကျင်ရှိ စေတီပုထိုးများ၌လည်း ဗုဒ္ဓပူဇနိယပွဲတော်များကို စည်ကားသိုက်မြိုက်



စွာ ကျင်းပလျက်ရှိရာ ကုသိုလ်ပြု ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားခဲ့သည်။

မန္တလေးမြို့ခံ ကိုကျော်မင်းထွန်းက "ဗုဒ္ဓဘာသာဝင်တွေရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ တပေါင်းလပြည့်နေ့ အခါသမယမှာ အခုလို မိသားစု၊ ဆွေမျိုးမိတ်ဆွေတွေနဲ့အတူ ဘုရားဖူးမြော်ခွင့်၊ ကုသိုလ်ကောင်းမှုပြုခွင့်ရတဲ့အတွက် ဝမ်းမြောက်ကြည်နူးရပြီး စိတ်နှလုံးအေးချမ်းရပါတယ်။ နောက်ပြီး ကျွန်တော်တို့ရဲ့ ရိုးရာအစဉ်အလာမပျက် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပတဲ့ ရွှေစာရံဘုရားပွဲတော်ကြီးမှာ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ၊ တိုင်းရင်းသားတွေနဲ့အတူ တစ်ခဲနက်ပါဝင်ဆင်နွှဲရတဲ့အတွက် ကြည်နူးပီတိဖြစ်ရပါတယ်။ ဒီလို ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေကို မျိုးဆက်သစ်လူငယ်တွေ သိရှိနားလည်ပြီး ပါဝင်ဆင်နွှဲတာကိုလည်း မြင်တွေ့ခဲ့ရပါတယ်။ ဘုရားဖူးပြီးရင် ရိုးရာပွဲဈေးတန်းတွေနဲ့ ဒေသထွက်ကုန်တွေကို လှေ့လာဝယ်ယူမယ်၊ ဒုဋ္ဌဝတီမြစ်အတွင်းမှာ ရေကစားပြီး မိသားစုနဲ့အတူ ပျော်ရွှင်စွာ အပန်းဖြေ အနားယူသွားပါမယ်"ဟု ပြောသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် သစ္စာအဓိဋ္ဌာန်အောင် ရွှေစာရံဘုရားကြီး၏ (၇၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ မန္တလေးမြို့သူ မြို့သားများနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ၊ အနီးပတ်ဝန်းကျင်ရှိ ရှမ်းတိုင်းရင်းသားများပါ လာရောက်ဆင်နွှဲကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါဘုရားပွဲတော်တွင် ရိုးရာပွဲဈေးတန်းများအပြင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။

ပွဲဈေးတန်းအတွင်း တောင်ပေါ်မြေပြန့် ဒေသထွက်စားသောက်ကုန်များ၊ မြန်မာ့ချည်ထည်ဝတ်စုံနှင့် အထည်အမျိုးမျိုး၊ ကျေးလက်ဒေသထွက်ကုန်သီးနှံများ၊ ဆေးဖက်ဝင်အပင်များ၊ အသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့ရိုးရာမုန့်အမျိုးမျိုးနှင့် အမှတ်တရပစ္စည်းများကို နွားလှည်းများ၊ မော်တော်ယာဉ်များနှင့် ဆိုင်ခန်းများဖြင့် စနစ်တကျ ခင်းကျင်းရောင်းချပေးလျက်ရှိရာ ပွဲတော်လာပြည်သူများက အမှတ်တရ ဝယ်ယူကြသည်။

ထို့ပြင် ဘုရားအနီးရှိ ဒုဋ္ဌဝတီမြစ်အတွင်း ရေချိုးဆော့ကစားခြင်း၊ လှေစီးခြင်းနှင့် အပန်းဖြေ အနားယူခြင်းတို့ ဆောင်ရွက်ကြသည့် ဘုရားပွဲလာပြည်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

သတင်း - မင်းထက်အောင် (မန်းကိုယ်ပွား)

ဓာတ်ပုံ - ဇာနည်ကိုကို(ပြန်/ဆက်)



# မန္တလေးလူငယ်သင်တန်းကျောင်းတွင် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ရရှိသည့် ကလေးသူငယ် ၁၃ ဦးအား မိဘ၊ အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံသည့် အခမ်းအနား ကျင်းပ

မန္တလေး မတ် ၂

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၂-၃-၂၀၂၆ ရက်စွဲပါ အမိန့်အမှတ် ၅၊ ၆၊ ၇၊ ၈၊ ၉/၂၀၂၆ အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပေါင်းလပြည့်နေ့ အခါသမယနှင့် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံး စိတ်ဝမ်းအေးချမ်းစေရေးနှင့် နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၁(၁)အရ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ရရှိသည့် လူမှုဝန်ထမ်းဦးစီးဌာနရှိ မန္တလေးလူငယ်သင်တန်းကျောင်းမှ ကလေးသူငယ်(၁၃)ဦးအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ် မန္တလေးလူငယ်သင်တန်းကျောင်းရှိ ဘက်စုံသုံးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန မန္တလေး လူငယ်သင်တန်းကျောင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်း၊ ကျောင်းအုပ်ဦးစိုးနောင်နောင်ထွန်းနှင့်ဝန်ထမ်းများ၊ အမှတ်(၂)နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်အုန်းကျော်မင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ရ ကလေးငယ်သူငယ်များ၊ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်းက ဆုံးမစကား ပြောကြားပြီးနောက် ရဲအုပ်အုန်းကျော်မင်းက ပြစ်မှုပြစ်ဒဏ်များအကြောင်း ရှင်းလင်းပြောကြား၍ မိဘတစ်ဦးနှင့် လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့သူတစ်ဦးတို့က ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသည့် ကလေးသူငယ်(၁၃)ဦးအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၄၀၁၊ ပုဒ်မခွဲ(၁)ပါ စည်းကမ်းချက်ဖြင့် ခံဝန်ချုပ်ဆို၍ မိဘအုပ်ထိန်းသူများထံစနစ်တကျ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ် ၄)

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး တောင်ကိုရီးယားနိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် မတ် ၂

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေး ဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ် ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြို့နယ်အဆင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

မန္တလေး မတ် ၂

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ဒေါနဘွားရပ်ကွက်၊၆၂လမ်း၊ ၁၅လမ်းနှင့်၁၆လမ်းကြားရှိ မဏ္ဍာရတိုက် ရွှေလရောင်ကျောင်း၌ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၇ နာရီက သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နယ်အဆင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောင်မြေသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခန့်သွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဦးစီးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ပူးပေါင်း၍ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်ခြင်း၊ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ အဆောက်အအုံဘေးထိစပ်နေသော သစ်ကိုင်းများ၊ သစ်ပင်ကြီးများ အမြင်တင့်တယ်စေရေး၊ လေဝင်၊ လေထွက်ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေးအတွက် ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ဖုန်း၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၀၇၀)

# မန္တလေးငလျင်နဲ့ ဌာပနာအမွေအနှစ်များ – ၃၀

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အတွက် အမြတ်ဆုံး ကုသိုလ်ဆိုတာ ဒါန၊ သီလ၊ ဘာဝနာ ဖြစ်ပါတယ်။ တစ်ခါ ဒါနကုသိုလ်ထဲမှာ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးကို ရည်မှန်းလှူဒါန်းကြရာမှာတော့ ဘုရားတည်၊ ကျောင်းဆောက်ဆိုတာ အထက်ပါ ရတနာသုံးပါးလုံးကို လွှမ်းခြုံထားတဲ့ ကုသိုလ်မျိုး ဖြစ်တယ်။ တစ်ခါ ဘုရားတည်ရာမှာလည်း မြန်မာနိုင်ငံကို ဗုဒ္ဓသာသနာ စတင်ရောက်ရှိတဲ့ ပျူခေတ်ကစလို့ ညောင်ရမ်းခေတ်လောက်အထိ မိမိတတ်နိုင်ရာ ရွှေ၊ ငွေ စတဲ့ အဖိုးတန်ဆင်းတုတော်များကို အဓိကထားလို့ ထည့်သွင်းဌာပနာ လှူဒါန်းခဲ့ကြတယ်။ ကုန်းဘောင်ခေတ်ဦးပိုင်းကစလို့ ရှေးမြန်မာများရဲ့ ဌာပနာအစဉ်အလာဟာ အနည်းငယ် စတင်ပြောင်းလဲလာခဲ့တာကို စတင်သတိပြုမိလာခဲ့တယ်။ အထူးသဖြင့် မန္တလေးတစ်ခို လှုပ်ခတ်ခဲ့တဲ့ အင်အားပြင်းငလျင်ကြီးကြောင့် ရှေးဟောင်းနယ်မြေများဖြစ်တဲ့ စစ်ကိုင်း၊ အင်းဝ၊ အမရပူရနဲ့ မန္တလေးဒေသများမှာ ခေတ်အဆက်ဆက် တည်ထားကိုးကွယ်ခဲ့တဲ့ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ကန်များစွာဟာ ပြိုကျပျက်စီးခဲ့ရတယ်။ အဲ့ဒီပျက်စီးမှုကနေ ထွက်ပေါ်လာတဲ့ ဌာပနာပစ္စည်းများကို သုတေသနပြု စစ်ဆေးတဲ့အခါမှာ ပြောင်းလဲလာတဲ့ ဌာပနာမှု အစဉ်အလာကို မျက်ဝါးထင်ထင် တွေ့လာရတော့တယ်။ အဲ့ဒီတွေ့ရှိမှုကို အများသူငါ ဗဟုသုတရစေခြင်းငှာ အခန်းဆက်ဆောင်းပါးတွေရေးလို့ မျှဝေခဲ့တယ်။ အခုတစ်ခါလည်း ဌာပနာတွေထဲမှာ ထူးထူးခြားခြား တွေ့လာရတဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ ခန့် အမရပူရခေတ်က စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းခဲ့တဲ့ ပိုးနဲ့ငွေချည်ရောလို့ ရက်ထားတဲ့ ပဝါပါးလေးတစ်ထည်အကြောင်း မျှဝေရေးသားလိုက်ပါတယ်။

အထည်အလိပ်ဆိုတာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀ ခန့် အမရပူရခေတ် မဆိုထားနဲ့ ယနေ့ခေတ် အဝတ်အစားများပင် မဆွေးမမြေ့အောင် မနည်းကို ထိန်းသိမ်းရတယ်။ သေတ္တာထဲမှာ ပရုတ်လုံးထည့်ထားရုံနဲ့တင် မလုံလောက်ပါဘူး။ ခြောက်လတစ်ခါလောက်ဖြစ်စေ၊ တစ်နှစ်တခါလောက်ဖြစ်စေ ထုတ်ယူပြီး စစ်ဆေးမှုပြုလုပ်ခြင်း သိပ်မပြင်းထန်တဲ့ နေပြပေးခြင်း၊ ခေါက်ရိုးပြောင်းပြီး ခေါက်ပေးရခြင်းကို တခုတ်တရ ဆောင်ရွက်ပေးမှသာ ရေရှည်ခံတာမျိုးပါ။ အဲ့ဒီလိုမျိုး ထိန်းသိမ်းခြင်း မရှိရင်တော့ သေတ္တာထဲမှာတင် ဆွေးမြေ့သွားတဲ့ တိုက်ဆွေးအထည်မျိုး ဖြစ်သွားတတ်တယ်။ ဒီတော့ သေတ္တာထဲမှာထည့်ပြီး သိမ်းထားတာမျိုး မဟုတ်ဘဲ လေဝင်၊ လေထွက်လည်းမရှိ၊ အလင်းရောင်လည်း မရှိတဲ့အပြင် စိုထိုင်းဆများစွာ မြင့်မားလှတဲ့ အုတ်အင်္ဂတေနဲ့ တည်ဆောက်ထားတဲ့ ဌာပနာတိုက်ထဲ ရောက်ရှိနေတဲ့ အဝတ်အထည်တစ်ခုရဲ့ အခြေအနေကို စာရှုသူကိုယ်တိုင် စဉ်းစားကြည့်ပါတော့။

အမရပူရမြို့ဟောင်း တောင်သမန်အင်းရဲ့ အရှေ့ဘက်ကမ်းထိပ်မှာ ပုဂံမင်းတည်ထားခဲ့တဲ့ မဟာဝိဇယရံသီဘွဲ့ခံ ကျောက်တော်ကြီး လိုဏ်ခံဘုရားဟာ အင်အားပြင်းငလျင်ကြီးကြောင့် အောက်တိုက်မရဲ့ အောက်ခြေပိုင်းမှာ အက်ကြောင်းကြီးများပေါ်လို့ ဆိုးရွားစွာ ထိခိုက်ခဲ့တဲ့အပြင် လိုဏ်စေတီရဲ့ အထက်ပိုင်းမှာတည်ရှိတဲ့ ကွမ်းတောင်ဟာလည်း အခြေပိုင်းကနေ အလျားလိုက် အက်ကွဲလို့ ပြတ်ထွက်တဲ့အပြင် အံလွဲသွားတဲ့အထိ ပြင်းထန်စွာ ပျက်စီးခဲ့ပါတယ်။ အောက်ကနေကြည့်ရင်သာ မသိသာပေမယ့် ကွမ်းတောင်ဟာ ၁၈ ပေခန့် အုတ်အပြည့်စီ တည်ဆောက်ထားတဲ့ အတော်ကြီးတဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။ ကွမ်းတောင်ရဲ့ အထက်မှာရှိတဲ့ အထွတ်စေတီကတော့ လုံးဝပြိုကျသွားခဲ့ပါတယ်။ ကွမ်းတောင်အထက်ပိုင်း ထောင့်လေးထောင့်မှာတော့ ပုဂံခေတ်ကလို စွန်ကုပ်လေးတွေအစား အမရပူရခေတ်ဟန် မနုသီဟရုပ်တုလေးတွေနဲ့ လှပစွာ လက်စွမ်းပြ တည်ဆောက်ထားခဲ့ပါတယ်။ ငလျင်ကြီးဒဏ်ကြောင့် ကွမ်းတောင်ကြီး အံလွဲနေတာကို ပြန်တည့်ဖို့ဆိုတာကလည်း တိုက်မရဲ့အထက်မှာ မဆိုထားနဲ့ မြေပြင်ပေါ်မှာဆိုရင်တောင် အတော်ခက်ခဲပါတယ်။ နည်းတဲ့ထုထည်ကြီးမှ မဟုတ်တာကိုး။ ဒါ့ကြောင့် တာဝန်ရှိတဲ့ မဟာဂန္ဓာရုံဆရာတော်က အမြန်ဆုံး ပြန်လည်ပြုပြင်ထိန်းသိမ်းဖို့အတွက် စိတ်မြန်၊ လက်မြန်ဘဲ အံလွဲနေတဲ့ ကွမ်းတောင်ကြီးကို လူအားနဲ့ ဖျက်ချပါတော့တယ်။ မဟုတ်လည်း ဖျက်ရတော့မှာလေ။ ဒါ့ကြောင့် ကွမ်းတောင်အပေါ်ပိုင်းကနေ လူအားနဲ့ ၁၀ ပေါင်တူနဲ့ထုကာ စတင်ပြီး ဖြည်းဖြည်းချင်း ဖျက်ချပါတော့တယ်။ ဖျက်လို့ ထွက်လာတဲ့ အုတ်ကျိုးနဲ့ အင်္ဂတေတွေကိုတော့ ကွမ်းတောင်ရဲ့ ထိပ်ကနေ မြေပြင်အထိ သစ်သားတွေနဲ့ လျှောလမ်းလုပ်ပြီး ဘုရားရဲ့ ကျန်တဲ့အစိတ်အပိုင်းတွေကို မထိအောင် လျှောချကြပါတယ်။ အဲ့ဒီလို ဖျက်နေတာကို မြေပြင်မှာ ဘုရားဂေါပကအဖွဲ့နဲ့ ဆရာတော်များက တောက်လျှောက် စောင့်ကြည့်နေကြပါတယ်။ ဖျက်လာလိုက်တာ ကွမ်းတောင်ရဲ့ထိပ်ကနေ သုံးပုံနှစ်ပုံလောက်အရောက် ကွမ်းတောင်ရဲ့ အတွင်းပိုင်းမှာ ၅' × ၅' × ၅' ကျယ်ဝန်းတဲ့ ဌာပနာတိုက်ကြီးကို အံ့ဩဖွယ် တွေ့ပြီဆိုပြီး အပေါ်က အော်ပြောတော့ အောက်က ဂေါပကနဲ့ ဆရာတော်တို့က ဖျက်နေတဲ့ လုပ်အားပေးတွေကို တယ်လီဖုန်းနဲ့ ဗီဒီယိုရိုက်ပြီး ပြခိုင်းပါတယ်။ အပျက်အစီး နည်းအောင်လည်း ဂရုစိုက်ခိုင်းပါတယ်။ ဖြည်းဖြည်းချင်း သတိထားပြီး ဖျက်လာလိုက်တာ ဌာပနာတိုက်ထဲ လူဝင်နိုင်တဲ့ အခြေအနေအထိ ရောက်လာပါတယ်။ အောက်ကအဖွဲ့ကလည်း ဗီဒီယိုကတစ်ဆင့် မျက်ခြည်မပြတ် ကြည့်နေပါတယ်။ တောင်သမန် ကျောက်တော်ကြီး လိုဏ်ဘုရားဟာ တည်ဆောက်ထားမှု စနစ်ကျပြီး ခိုင်မာတဲ့အတွက် သူ့သက်တမ်းတစ်လျှောက် သဘာဝဘေးဒဏ်တွေ ကြုံတွေ့ခဲ့ရတဲ့အခါတိုင်းမှာ အာရုံခံတန်ဆောင်းတွေလောက်သာ ပျက်စီးခဲ့ပြီး ပင်မစေတီတော်ကတော့ ကြံ့ကြံ့ခံနိုင်ပြီး ပျက်စီးမှုနည်းပါးခဲ့ပါတယ်။ ဘုရားဒါယကာ ပုဂံမင်းဟာ တချို့သောဘုရားများလို တောင်သမန် ကျောက်တော်ကြီးဘုရားရဲ့ မဟာရာမ်အတွင်း အရှေ့မြောက်ထောင့်မှာ ဘုရားသမိုင်း မော်ကွန်းကျောက်စာကို ပြာသာဒ်နဲ့တကွ ရေးထိုးထားရှိခဲ့ပါတယ်။ အဲ့ဒီကျောက်စာထဲမှာ ရွှေဆင်းတု၊ ငွေဆင်းတုနဲ့ ကျောက်ဆင်းတုတော် အဆူရေဘယ်လောက် ထည့်သွင်းဌာပနာထားတယ်ဆိုတာကို အတိအကျ ဖော်ပြထားပါတယ်။ ဒါက အမရပူရခေတ်ရဲ့ ထုံးစံလို့ ပြောရမလားပဲ။ ဘကြီးတော်မင်းကောင်းမှု ပုထိုးတော်ကြီးနဲ့ သာယာဝတီမင်းကောင်းမှု လောကမဏိစူဠာစေတီတော်တို့မှာလည်း အဲ့ဒီလို သမိုင်းမော်ကွန်းကို လှူဒါန်းမှုအရေအတွက် အတိအကျနဲ့တကွ ရေးထိုးထားပါတယ်။ ဒါကြောင့်မို့လို့လည်း ပုထိုးတော်ကြီးက ကိုလိုနီခေတ်မှာ ဌာပနာတွေ အဖောက်ခံရသလို လောကမဏိစူဠာကလည်း ၁၉၈၈ အရေးအခင်းကာလမှာ ဌာပနာအဖောက်ခံခဲ့ရပါတယ်။ အင်မတန်ထူထဲတဲ့ ပထမပစ္စယံကို ဖျက်ဆီး ဖောက်ထွင်းပြီး အတွင်းက တန်ဖိုးရှိတဲ့ ဌာပနာပစ္စည်းတွေကို အကုန်ယူသွားကြတာ ဘာကြောင့်လဲဆိုတော့ အဲ့ဒီဘုရားတွေရဲ့ သမိုင်းမော်ကွန်းကျောက်စာထဲမှာ အတိအကျ ဖော်ပြထားတာကို လောဘတက်လာလို့ အဖောက်ခံရတာပေါ့။ နောက်တစ်ချက်ကလည်း အဲ့ဒီဘုရားနှစ်ဆူက မြေပေါက်စေတီ အမျိုးအစားဆိုတော့လည်း ဌာပနာဖောက်ဖို့လွယ်ကူသွားစေတာလို့ သုံးသပ်ရပါတယ်။ အခုတောင်သမန် ကျောက်တော်ကြီးကတော့ မြေပေါက်စေတီမဟုတ်ဘဲ လိုဏ်ခံဘုရားဆိုတော့ ဌာပနာတိုက်က အထက်ကွမ်းတောင်ထဲမှာ ရှိလေတော့ မသမာသူတွေအတွက် ဖောက်ဖို့ခက်ခဲတဲ့ အတွက် ကံကောင်းသွားတာလည်းပါတာပေါ့။ ဒါကြောင့် အခု အင်အားပြင်းငလျင်ကြီးကြောင့် ပျက်စီးမှုတွေကြုံတော့ ဌာပနာတိုက်ထဲက အဖိုးတန် ဌာပနာပစ္စည်းတွေကို အရေအတွက် အတိအကျနဲ့ ရရှိစေခဲ့တာလို့ ပြောနိုင်တာပေါ့။ ကျွန်တော်တို့ သုတေသီတွေအတွက် ရွှေ၊ ငွေ၊ ကျောက် ဆင်းတုတော်များနဲ့ ရတနာပစ္စည်းတွေဟာ မထူးဆန်းပေမယ့် ဌာပနာတိုက်မှာ မျက်နှာကြက်သဖွယ် ဗိတာန်အဖြစ် လှူဒါန်းခဲ့တဲ့ ပိုးနဲ့ ငွေချည်ရော ပဝါလေးကတော့ စိတ်ဝင်စားစရာဖြစ်ခဲ့ပါတယ်။ အဲ့ဒီပဝါလေးဟာ နည်းနည်းဆွေးနေပြီဖြစ်တဲ့အတွက် မူလအတိုင်းအတာဟာ အလျား ၈ ပေနဲ့ အနံ ၂ပေခွဲ ရှိပြီး ဂျပ်ခုတ်ရက်ထားတဲ့ လက်ရက်ထည်ဖြစ်ပါတယ်။ ဒါကြောင့် အလျားပိုးချည်ကို အတိုင်အဖြစ်ထားပြီး အနံကိုတော့ ပိုးချည်တစ်လှည့်၊ ငွေချည်တစ်လှည့် ရက်ထားပါတယ်။ ပဝါမှာ ထက်အောက်တစ်တောင်စီခန့်ကို လက်သုံးလုံးခန့် လိုင်းအတွင်း ကနုတ်ပန်းနွယ်လေးများကို ချည်နဲ့ပုံဖော် အလှဆင်ထားပါတယ်။ အဲ့ဒီလို ပန်းဖောက်ကိုးလိုင်းအပြီးမှာ ၁ ပေ လောက်နားပြီး ပန်းဖော်ခုနစ်လိုင်း ထပ်ပြီး ဖော်ပါတယ်။ အဲ့ဒီခုနစ်လိုင်းအဆုံးမှာ ပန်းဖောက်ကနုတ်ကို လင်းနို့တောင်သဖွယ် အညွှန့်ပုံအဖြစ် တဖြည်းဖြည်း ဖန်တီးသွားပြီး ထက်အောက်အညွှန့်နှစ်ခုကို လာပြီးဆုံစေပါတယ်။ နောက်တစ်ခါ ပထမ ကိုးလိုင်း ပန်းနွယ်နဲ့ ဒုတိယ ခုနစ်လိုင်း ပန်းနွယ်ပုံစံခြင်း မတူပြန်ပါဘူး။ ပထမ ကိုးလိုင်း ပန်းနွယ်က ပန်းစိတ်ပြီး ဒုတိယ ခုနစ်လိုင်း ပန်းနွယ်ကတော့ ပန်းအကျဲပုံ ဖြစ်ပါတယ်။ ထိုနည်းတူ အဲ့ဒီ ပန်းနွယ်နှစ်မျိုးနဲ့ လင်းနို့တောင်ပန်းနွယ်ပုံစံခြင်း မတူပြန်ပါဘူး။ ထောင့်ဖြေ လင်းနို့တောင်ပန်းနွယ်မှာ ထောင့်အညွှန့် ပန်းနွယ်များအပြင် နဖူးစည်းကမ္ဗါတ်ပန်းလေးတွေလည်း ပါရှိပါတယ်။ ပန်းဖောက်သူဟာ ပဝါပိုင်ရှင်ရဲ့ အဆင့်အတန်းနဲ့ လျော်ညီအောင် သေသေချာချာ စီမံဖန်တီးထားဟန်တူပါတယ်။ အဲ့ဒီပဝါလေးဟာ ပိုးချည်နဲ့ ငွေကို ချည်တမျှသေးငယ်အောင် နန်းဆွဲထားတဲ့ ငွေချည်လေးတွေ ရက်ထားတာမို့ လွန်စွာ ပါးလွှာပါတယ်။ ပန်းနွယ်ဖောက်တဲ့ ချည်ကတော့ ချည်လုံးနည်းနည်းတုတ်ပါတယ်။ အဲ့ဒီပဝါကို အလုံပိတ် ဌာပနာတိုက်ထဲမှာ ဆင်းတုတော်များရဲ့ အထက်ကနေ မျက်နှာကြက်ဗိတာန်သဖွယ် သဒ္ဓါပေါက်ပြီး လှူဒါန်းခဲ့တာပါ။ နောက်ပြီး အလှူရှင်ဟာ မူလတုန်းက အစီအစဉ်ရှိဟန်မတူဘဲ ဌာပနာသွင်းချိန်မှာ ရုတ်တရက် လှူဒါန်းတာဖြစ်လို့ သာမန် မှူးမတ်ကတော်အဆင့်တောင် မဖြစ်နိုင်ဘဲ မိဖုရားတစ်ပါးဖြစ်မယ်လို့တောင် သုံးသပ်ရပါတယ်။ အဲ့ဒါကို နဖူးတွေ့၊ ဒူးတွေ့ ပြန်တွေ့ရတာ နှစ်ပေါင်း ၂၀၀ နီးပါးကြာ ပြီဆိုတော့ ပဝါလေးဟာ အတော်ကို ဆွေးမြေ့ နေပါပြီ။ အဲ့ဒီဌာပနာအမွေအနှစ်တွေကို ထုတ်ယူကြသူများက သုတေသီတွေမဟုတ်ဘဲ သာမန် အရပ်သား စေတနာ့ဝန်ထမ်းတွေဆိုတော့ လုပ်တာကိုင်တာ အမှားအယွင်းလည်း ရှိနိုင်ပါတယ်။ ဒါကြောင့် ပဝါလေး မြေပြင်ကို ရောက်လာတဲ့အချိန်မှာ သေးငယ်လှတဲ့ အမှုန်တွေနဲ့ လုံးထွေးရစ်ပတ်နေလို့ ပုံပေါ်အောင် စိတ်ရှည်ရှည်နဲ့ အတော်လုပ်ယူခဲ့ရပါတယ်။ အခုလို နှစ်ပေါင်း ၂၀၀ နီးပါးကြာမြင့်နေတဲ့ အမရပူရခေတ်ရဲ့ ပိုးနဲ့ ငွေချည်ရော ပဝါလေးမျိုးကို တွေ့ရတာ ပထမဆုံး ဖြစ်ပါတယ်။ ပြင်ပ ရှေးပစ္စည်းစုဆောင်းသူများထံမှာ အမရပူရခေတ်က ပိုးထည်၊ ချည်ထည်များ တွေ့ခဲ့ရဖူးသော်လည်း ပိုးပဝါကိုတော့ မတွေ့ရသေးဘဲ လွန်စွာရှားပါးကြောင်း သိရပါတယ်။ သူတို့ရဲ့ အထည်များဟာ စနစ်တကျ သေချာထိန်းသိမ်းထားသော်လည်း အခုပဝါကတော့ စိုထိုင်းဆမြင့်မားပြီး မှောင်မဲနေတဲ့ အုတ်တိုက်အတွင်းမှာ နေမထိ၊ လေမထိ နေခဲ့ရတာ ကာလရှည်ပါ။ အဲ့ဒီ ပိုးပဝါနဲ့အတူ ဆေးနဲ့ ကနုတ်ပန်းတွေ ရေးခြယ်ထားတဲ့ ထီးဖြူတစ်လက်ကိုလည်း ဌာပနာပစ္စည်းများနဲ့အတူ တွေ့ရပါသေးတယ်။ ရွှေ၊ ငွေဆင်းတုတော်များကို အုပ်မိုးထားခဲ့မယ်လို့ ခန့်မှန်းရပါတယ်။ အဲ့ဒီထီးဖြူကလည်း အတော်ကို ဆွေးမြေ့နေလို့ ကိုင်တွယ်ဖို့တောင် အတော်ခက်ခဲပါတယ်။ အဲ့ဒီပဝါနဲ့ ထီးဖြူများကို တောင်သမန် ကျောက်တော်ကြီးဘုရားရဲ့ တောင်ဘက်က ဘုန်းတော်ကြီးကျောင်းမှာ စနစ်တကျထိန်းသိမ်းထားလို့ စိတ်ဝင်စားခဲ့ရင် သွားရောက်လေ့လာနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် အဆိုးထဲက အကောင်းအဖြစ် အင်အားပြင်းငလျင်ကြီးကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀ ခန့်က အမရပူရခေတ်လက်ရာ ပိုးချည်နဲ့ ငွေချည်ရောပြီး ရက်လုပ်ထားကာ ပန်းနွယ်ပန်းခက်များနဲ့ အလှဆင်ထားတဲ့ ရှားပါးပဝါလေးကို လေ့လာခွင့်ရပါကြောင်း။



**ကျမ်းညွှန်း–**

**တောင်သမန် ကျောက်တော်ကြီး**

**ကိုပညာ(အမရပူရ)**

**လက်တွေ့ကွင်းဆင်းလေ့လာချက်များ**


**အမရပူရခေတ် ပိုးချည်ငွေချည်နဲ့ ရက်ထားတဲ့ ပဝါလေး**

**ရက္ခိတ(ရှေး/သု)**

## စာအုပ်စင်ကဏ္ဍ

ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - ကမ္ဘာ့ဒဏ္ဍာရီပုံပြင်များ |
| စာရေးသူ | - ခင်မောင်သန်း(စိတ်ပညာ) |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၁၃၀၀၀ ကျပ် |
| စာမျက်နှာ | - ၂၂၉ မျက်နှာ |
| မျက်နှာဖုံးဒီဇိုင်း | - နိုင်ခွန်အား |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(ဒုတိယအကြိမ်) |




၂၀၀၄ ခုနှစ် ပြည့်စုံစာအုပ်တိုက်၏ ပထမအကြိမ် မူအတိုင်း ပြန်လည်ရိုက်နှိပ်ထုတ်ဝေသည်။ နိုင်ငံပေါင်းစုံမှ ဒဏ္ဍာရီပုံပြင်များကို စုစည်းထားသည်။ အီဂျစ်မှပုံပြင် နှစ်ပုဒ်၊ဘေဘီလုံနီယန်မှ ပုံပြင် လေးပုဒ်၊ ပါရှင်မှ ပုံပြင်တစ်ပုဒ်၊ ဂရိမှ ပုံပြင် ၁၃ ပုဒ်၊ ရောမမှ ပုံပြင် ခြောက်ပုဒ်၊ အိုင်ယာလန်မှ ပုံပြင်တစ်ပုဒ်၊ တရုတ်မှ ပုံပြင်နှစ်ပုဒ်၊ ဂျပန်မှ ပုံပြင်နှစ်ပုဒ်နှင့် ပီရူးမှ ပုံပြင်တစ်ပုဒ်တို့ ပါရှိသည်။

ပုံပြင်ကြိုက်နှစ်သော ကျောင်းသား၊ လူငယ်များ ဖတ်ရှုသင့်သည့် စာအုပ်ဖြစ်ရာ မန္တလေး စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

| | |
|---|---|
| စာအုပ်အမည် | - ရန်ကုန်သား ကျားဘမ်းသူဌေးကြီး၏ စီးပွားရေး စွန့်စားခန်းများ |
| စာရေးသူ | - မောင်ပေါ်ထွန်း |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၁၅၀၀၀ ကျပ် |
| စာမျက်နှာ | - ၃၃၃ မျက်နှာ |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(တတိယအကြိမ်) |




၁၉၉၆ ခုနှစ် ရာပြည့် စာအုပ်တိုက်၏ ပထမအကြိမ် မူအတိုင်း ပြန်လည်ရိုက်နှိပ်ထုတ်ဝေသည်။ စိတ်ကူးချိုချိုစာပေမှ ၂၀၁၅ ခုနှစ်တွင် ဒုတိယအကြိမ် ထုတ်ဝေခဲ့ဖူးသည်။

ဘာသာပြန် စာရေးသူ မောင်ပေါ်ထွန်း၏ အမှာစာနှင့်အတူ ဇာတ်လမ်းအဖွင့်ဖြင့် စာဖတ်သူကို စတင်မိတ်ဆက်ပေးသည်။ စာအုပ်တွင် အိမ်ပြေးလာတဲ့ကျောင်းပြေး၊ ရတနာသိုက်ကို တွေ့ရှိခြင်း၊ ဘဝကြင်ဖော်၊ လူကုံထံကြီးဖြစ်ရမည်။ ဖအေမပေါ်တဲ့ သားကလေး၊ အိမ်ထဲက ပဒေသာပင်၊ ဘယ်ဖူးစာ ဖန်လာလေသိ၊ စင်ကာပူသို့ "သိုက်"ပြောင်းပြီး၊ စင်ကာပူ၌ အခြေစိုက်ပြီ၊ ပီနန်သူတတိယကြင်ရာ၊စင်ကာပူမှ ကျားဘမ်းအိမ်ဖြူတော်၊ ရန်ကုန်ကျားနှင့်စင်ကာပူကျား ထိပ်တိုက်တွေ့ပြီ၊ တရုတ်ပြည်ဈေးကွက်ကို ထိုးဖောက်ပြီ၊ သတင်းစာပိုင်ရှင်ကြီးဖြစ်ခဲ့ပြီ၊ ဘုရားတစ်သောင်းဒါယကာ၊ အရှက်ကွဲရသောဖြစ်ရပ်နှစ်ခု၊ ကျောက်စိမ်းစံအိမ်ကြီးသခင်၊ ဒုတိယကမ္ဘာစစ်ကြီးနှင့်"ကျား"သူဌေးကြီး၏ သောကမီးလျှံ၊ လေယာဉ်လည်းဆုံး၊သားလည်းဆုံး၊"ကျား"သူဌေးကြီး၏ နောက်ဆုံးခရီးနှင့် နောက်ဆက်တွဲတို့ ပါရှိပြီး စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

## ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများ ထိုးနှံပေး

**မတ္တရာ မတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို မတ် ၁ ရက် နံနက်ပိုင်းက ဘုန်းတော်ကြီးကျောင်း စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကာကွယ်ဆေးများ ထိုးနှံရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမများမှ ဘုန်းတော်ကြီးကျောင်း စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များ၌ အသက် ၁၅နှစ်အောက် သာမဏေများနှင့် သီလရှင်များကို ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး မတ္တရာမြို့နယ်အတွင်း၌ သာမဏေ ၃၀၈ပါးနှင့် သီလရှင်လေးပါး၊ စုစုပေါင်း ၃၁၂ ပါးတို့အား ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

**ရွှေရာသား**



## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)(၂၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ကျင်းပ

**မန္တလေး မတ် ၂**

ကျန်းမာရေးဝန်ကြီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)၏ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)ဘွဲ့နှင်းသဘင်အခမ်းအနားတွင် သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ ပါရဂူဘွဲ့ တစ်ဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာ မဟာဘွဲ့ ငါးဦး၊ သွားမြစ်အစားထိုးဆေးကုသမှုပညာ ဒီပလိုမာဘွဲ့ တစ်ဦး၊ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ ၅၁ဦးနှင့် အဝေးရောက်ဘွဲ့ယူသူ လေးဦးတို့အား ပါမောက္ခချုပ် ဒေါက်တာကျော်တင့်က ဘွဲ့လက်မှတ်များ ပေးအပ်ပြီး ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားသည်။




တက္ကသိုလ်၏(၂၁)နှစ်တာကာလအတွင်း သွားဘက်ဆိုင်ရာဆေးလက်တွေ့ ပါရဂူဘွဲ့ ၁၉ဦး၊ သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ နှစ်ဦး၊သွားဘက်ဆိုင်ရာဆေးပညာ မဟာဘွဲ့ ၉၉ဦး၊ အထွေထွေသွားရောဂါကုဒီပလိုမာဘွဲ့ ၅၁ဦး၊ သွားမြစ်အစားထိုးဆေးကုသမှုပညာ ဒီပလိုမာဘွဲ့ ရှစ်ဦး၊ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ ၁၈၇၈ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး နေ့စဉ်

## နိုက်ပျိုးစွမ်းအား ပြည်ထွန်းကား

* စားဝတ်နေရေး စိုက်ပျိုးပေး
အလေးထားကာ ဆောင်ရွက်ရာ
မြို့ရွာဆင်ပြေ တိုးတက်နေ
ရွှေငွေထွက်တိုး သီးနှံမျိုး
ဖွံ့ဖြိုးမြို့ရွာ စည်ပင်လာ ။

* လယ်ကွင်းတွေက တစ်မျှော်တစ်ခေါ်
မြင်ရတွေ့ရ ကြည်နူးကြ
ရကြသီးနှံ ရောင်းဝယ်ပြန်
ပြုကံကောင်းကျိုး တို့လူမျိုး
ဖွံ့ဖြိုးမြို့ရွာ တိုးတက်လာ ။

* ဆီကိုရေချိုး ဆေးရိုးမီးလှုံ
စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
ရေ့ထားနာဂတ် စွမ်းဆောင်အပ်
ဆုံးဖြတ်ချက်တွေ ပြည့်စုံနေ
ငွေတွေရလာ ကုသိုလ်ရှာ ။

* ရလာငွေကြေး အိမ်ထောင်ရေး
သုံးပေးဆင်ပြေ မြန်မာ့မြေ
ဖျော်ဖြေလှုပွဲ နှစ်တိုင်းနွှဲ
လှူပဲ လှူနိုင် ငွေတွေပိုင်
ပိုင်ဆိုင်အလုပ် ကုသိုလ်ထုပ် ။ ။

**သော်ကြာကြယ်**

**သင့်သွေးဖြင့် အသက်ကယ်ပါ။**



# နိုင်ငံတကာ အားကစား သတင်းများ

## ဟယ်ရီကိန်း ဥရောပထိပ်တန်းလိဂ်(၅)ခုတွင် လိဂ်သွင်းဂိုး ၃၀ပြည့်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်



**မြူးနစ် မတ် ၂**

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် ယခုနှစ်ဘောလုံးရာသီ ဥရောပထိပ်တန်းလိဂ်(၅)ခုတွင် လိဂ်သွင်းဂိုး ၃၀ ပြည့်သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက ဒေါ့မွန်အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလိုမှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဘွန်ဒက်လီဂါပွဲစဉ် ၂၄ပွဲကစားကာ သွင်းဂိုး ၃၀ အထိ သွင်းယူနိုင်ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။နောက်ထပ်လည်း ယခုလိုသွင်းဂိုးတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။


(အပေါ်ဝဲပုံ) (NGB)

## အယ်လစ်ဆန် အသင်းတွင် ဆက်ရှိသွားမည်ဟု လီဗာပူးအသင်းအတည်ပြု

**လန်ဒန် မတ် ၂**

ဂိုးသမား အယ်လစ်ဆန် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု လီဗာပူးအသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဂိုးသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။



ဂိုးသမား အယ်လစ်ဆန်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂၈ ပွဲ ကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

လီဗာပူးအသင်းထုတ်ပြန်ချက်တွင် "ဂိုးသမား အယ်လစ်ဆန် အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် အားထားရတဲ့ ဂိုးသမားတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ (ဝဲပုံ) (NGB)

## ဇူးမားအား အယ်လ်ဝါဆယ်အသင်း ခေါ်ယူ



**လန်ဒန် မတ် ၂**

ယူအေအီးပရိုလိဂ်ကလပ် အယ်လ်ဝါဆယ်အသင်းသည် ဝက်စ်ဟမ်းအသင်းနောက်ခံကစားသမားဟောင်း ဇူးမားအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝ တစ်လျှောက်တွင် ဝက်စ်ဟမ်း၊ ချဲလ်ဆီး၊ အဲဗာတန်၊ စတုတ်စီးတီး စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အယ်လ်ဝါဆယ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဇူးမားက "ကျွန်တော် အယ်လ်ဝါဆယ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)

## ရိုဒရီ၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် ၄၄ သန်းအဖြစ် မန်စီးတီးအသင်း သတ်မှတ်

**လန်ဒန် မတ် ၂**

မန်စီးတီးအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းမှ ခေါ်ယူရန် စိတ်ဝင်စားနေသည့် အသင်းကွင်းလယ်ကစားသမား ရိုဒရီ၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် ၄၄ သန်းအဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။ (ဝဲပုံ)




အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၉ပွဲကစားပြီး ၂၇ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

မန်စီးတီးအသင်းကလည်း ရိုဒရီအတွက် ၎င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် မန်စီးတီးအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ရိုဒရီအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့သည် နော်တင်ဟမ် ဖောရက်စ်အသင်း ကွင်းလယ်ကစားသမား အယ်လီယော့အန်ဒါဆန်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

* ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် စတာလင်ပေါင် ၃၅၅ သန်း အရှုံးပေါ်ခဲ့ပြီး အင်္ဂလန်ဘောလုံးသမိုင်းတစ်လျှောက် တစ်ရာသီအတွင်း ဆုံးရှုံးမှုအကြီးမားဆုံး အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

* ရီးရဲလ်မက်ဒရစ်အသင်းသည် ဂျူဗင်တပ်အသင်း နောက်ခံကစားသမား ကမ်ဘီယာဆိုကိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။(NGB)


## 2026 ATX Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Taylor Townsend တက်ရောက်

**ဝါရှင်တန် မတ် ၂**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 ATX Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အိမ်ရှင် အမေရိကန်တင်းနစ်မယ် Taylor Townsend တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ အိမ်ရှင်အမေရိကန်တင်းနစ်မယ် Taylor Townsend သည် 2026 ATX Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် တစ်နိုင်ငံတည်းနေသူ တင်းနစ်မယ် Ashlyn Krueger အား ၇-၆၊ ၆-၃ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ (အပေါ်ယာပုံ)

2026 ATX Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အိမ်ရှင်အမေရိကန်တင်းနစ်မယ် Taylor Townsend နှင့် တစ်နိုင်ငံတည်းနေသူ တင်းနစ်မယ် Peyton Stearns တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)



### အင်္ဂလိပ် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ (စတုတ္ထအဆင့် ပွဲကျန်) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၄-၃-၂၀၂၆ နံနက် ၀၂:၁၅ နာရီ | ပို့တ်ဗေး - ဘရစ္စတိုး (လိဂ် I -၂၄) (ချန်ပီယံရှစ်-၁၀) | ပို့တ်ဗေး ၀-၃ ဘရစ္စတိုး ဘရစ္စတိုး ၃-၁ ပို့တ်ဗေး |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၀) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃-၃-၂၀၂၆ အင်္ဂါနေ့ | ညနေ ၄:၀၀ နာရီ | (၅)မဟာ - ဒဂုံ(၃) (W,D,D,D,L) (W,D,W,W,W) | မဟာ ၀-၃ ဒဂုံ ဒဂုံ ၀-၁ မဟာ |

### စပိန်ဘုရင့်ဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် (ဒု-အကျော့) ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ပ-အကျော့တွေ့ဆုံမှုရလဒ် |
|---|---|---|
| ၄-၃-၂၀၂၆ နံနက် ၀၂:၃၀ နာရီ | ဘာစီလိုနာ - အက်သလက်တီကို (လာလီဂါ-၁) (လာလီဂါ-၃) | ဘာစီလိုနာ ၀-၄ အက်သလက်တီကို |

### ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် (ပ-အကျော့) ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၄-၃-၂၀၂၆ နံနက် ၀၂:၃၀ နာရီ | ကိုမို - အင်တာမီလန် (စီးရီးအေ-၅) (စီးရီးအေ-၁) | ကိုမို ၀-၂ အင်တာမီလန် အင်တာမီလန် ၄-၀ ကိုမို |

### ပြင်သစ်ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၄-၃-၂၀၂၆ နံနက် ၀၂:၃၀ နာရီ | စထရာဘော့စ် - ရိမ်းစ် (ပြင်သစ်လီဂူး-၈) (လိဂ် II -၃) | စထရာဘော့စ် ၀-၀ ရိမ်းစ် ရိမ်းစ် ၀-၁ စထရာဘော့စ် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၄-၃-၂၀၂၆ နံနက် ၀၂:၀၀ နာရီ | (၁၀)ဘုန်းမောက် - ဘရန့်ဖို့ဒ်(၇) (W,D,W,D,D) (W,D,W,L,W) | ဘုန်းမောက် ၁-၂ ဘရန့်ဖို့ဒ် ဘရန့်ဖို့ဒ် ၃-၂ ဘုန်းမောက် |
| ။ | (၈)အဲဗာတန် - ဘန်လေ(၁၉) (D,W,L,L,W) (L,W,L,D,L) | အဲဗာတန် ၁-၀ ဘန်လေ ဘန်လေ ၀-၂ အဲဗာတန် |
| ။ | (၁၅)လိဒ်စ် - ဆန်းဒါးလန်း(၁၂) (W,D,W,D,L) (L,L,W,L,D) | ——— |
| ၄-၃-၂၀၂၆ နံနက် ၀၂:၄၅ နာရီ | (၂၀)ဝုစ် - လီဗာပူး(၅) (D,W,D,L,W) (L,W,W,W,W) | ဝုစ် ၁-၂ လီဗာပူး လီဗာပူး ၂-၁ ဝုစ် |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၂) ပွဲကျန် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၄-၃-၂၀၂၆ နံနက် ၀၂:၁၅ နာရီ | (၄)အစ်ဆွစ်ချ် - ဟားလ်စီးတီး(၅) (W,L,L,W,W) (L,L,L,W,W) | အစ်ဆွစ်ချ် ၃-၀ ဟားလ်စီးတီး ဟားလ်စီးတီး ၃-၃ အစ်ဆွစ်ချ် |

# ဆင်းရဲတွင်းလွတ်ကင်းအောင် လမ်းပြဆောင်ပါမည်

သီတင်းကျွတ်လထဲက ဦးရွှေနှင့်အတူ ကျောက်ဆည်နှင့် မြစ်သားမြို့ပတ်ဝန်းကျင်သို့ ခရီးထွက်ခဲ့ကြသည်။

ကြည့်စမ်းဗျာ ဦးရွှေ စပါးခင်းတွေ စိမ်းစိုနေတာပဲ ကြည့်လို့ လှလိုက်တာဗျာ ဒါကြောင့် ကျွန်တော်တို့ မြန်မာတွေ အဆင်မပြေကြ နေတာပဲဗျဟု ဦးရွှေက ပြောသည်။ ဘာဆိုင်လို့လဲဗျ ဒီလောက် စိမ်းလန်းစိုပြည်နေတာ မြေပေါ်ကျောက်စိမ်းပေါ့ဗျာ။ အနော်ရထာမင်းလက်ထက်ကတည်းက ဒီရှုခင်းတွေရှိနေတာ၊ လှနေတာ အခုထိ ပဲလေဗျာ လယ်တွင်းကိုးခရိုင်ဆိုတာတွေ ရာဇဝင်မှာ စတင်ခဲ့တာပဲ။ ကျွန်တော်တို့မီတဲ့ခေတ်နဲ့ ပြောရရင် လွတ်လပ်ရေး ရပြီးကတည်းက ကျွန်တော်တို့ ဒီဆန်စပါးနဲ့ နလန်ထူလာခဲ့တာလေ။ မြန်မာ့ဆန်ဟာ အရေးအကြီးဆုံး၊ ဝင်ငွေအရဆုံး Export ထွက်ကုန်မို့ လား။

ဆရာ 'ကို' ခေတ်နောက်ကျကျန်ရစ်ခဲ့ပြီ။ ဆရာ 'ကို' ကလွတ်လပ်ရေးရပြီးခါစနဲ့ ပါလီမန်ဒီမိုကရေစီခေတ်မှာ အိပ်ပျော်နေခဲ့တာကိုး။ အဲဒါ ၁၉၅၀ နဲ့ ၁၉၆၀ ကြားမှာလေ ၁၉၈၀ မှာတော့ မြန်မာ့ဆန် ကမ္ဘာမှာ ဘယ်လောက်တွင်ကျယ်နေသေးလဲ ပြန်စဉ်းစားကြည့်ပါ။ နောက် ၂၀၀၀ ပြည့်နှစ်နောက် ၂၀၂၀ ပြည့်နှစ်ထိ ဆက်စဉ်းစားပါ။ ကျွန်တော့်စိတ်တွေ Back gear ထိုးရပြီ။ ၁၉၈၁ အင်္ဂလန်နိုင်ငံမှာ စာသင်သားဘဝက ကိုယ်တိုင်ထမင်းချက်စားတော့ ဘတ်စမာတီဆန် (Basmati)၊ အဲ့ဒီတစ်ကီလို ဆန်အိတ်လေးတွေမှာ ရေးထားတဲ့စာသား၊ 'ဟိမဝန္တာတောင်တန်းကြီးပေါ်က စီးကျတဲ့ ဆီးနှင်းရေသန့်နှင့် ရှင်သန်လာသော' ဘတ်စမာတီဆန်တဲ့။ ပါကစ္စတန်က အင်္ဂလန်နိုင်ငံကို Export လုပ်ထားတာ။ တို့မြန်မာဆန်တွေ ဘယ်ကို Export လုပ်နေသလဲ။ ဒီဘတ်စမာတီဆန်က ပေါ်ဆန်မွှေးထက်ကောင်းလို့လား။ Export လုပ်နိုင်လောက်အောင် မထွက်တော့လို့လား။ အတွေးပေါင်းစုံဝင်လာပါတော့သည်။ ဒီအတွေးပေါင်းစုံကြောင့် စကားဆက်မပြောဖြစ်တော့ပါ။

ဒီနေ့ ဦးရွှေ၊ ဆရာချစ်နဲ့ ဦးထွေးတို့ နိုင်ငံ့ရှေ့ရေးကို ဆွေးနွေးမိကြပါသည်။ ထိုမှတစ်ဆင့် နိုင်ငံတော်စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေးအကြောင်း စုံပါလာပါတော့သည်။

ဆရာချစ်က ဆိုပါသည်။ ကျွန်တော်တို့ အသက် ၇၀ သာ ကျော်လာတယ် မြန်မာပြည်မှ ဘာလူသုံးကုန်ပစ္စည်းထုတ်နိုင်လို့လဲ။ တရုတ်နဲ့ယိုးဒယား၊ မှီခိုနေရတယ်ဗျာ။ မိသားစုမုန့်ပုံးတောင် ဗီယက်နမ်ဟု မချင့်မရဲ ဆိုပါသည်။

ဆရာချစ် ပြောတာမှန်ပါတယ်။ သို့သော်လည်း မြန်မာပြည်က စပါးပဲ စိုက်နေတာကို မွဲမှာပေါ့။ ထွက်တော့လည်း တစ်ဧကတင်း ၇၀ လောက် မျိုးကောင်းမျိုးသန့်လည်းမဟုတ်၊ ဓာတ်မြေဩဇာလည်း တခြားနိုင်ငံတွေလို မသုံးနိုင်၊ စပါးစိုက်နေတာကကို မွဲဆေးဖော်နေတာဗျဟု ဦးရွှေမန်းက ပြောပါသည်။

လာပြန်ပြီ ဒီစပါးစိုက်တဲ့ မွဲဆေးသေချာရှင်းစမ်းပါအုံး။ ရှင်းပါ့မယ် ဆရာ 'ကို' ရေ။ အခုလို အင်္ဂလန်မှာ သူ့ရဲ့စိုက်ပျိုးမြေ စုစုပေါင်းရဲ့ ၅၁ ရာခိုင်နှုန်းကို မြက်စိုက်တယ်။ မွေးမြူရေးအစာပေါ့။ ၂၅ ရာခိုင်နှုန်းကို အခြားစားသုံးပင်နဲ့ သီးနှံစိုက်တယ်။ ၂၄ ရာခိုင်နှုန်းကို ပန်းစိုက်တယ်ဆရာ။

နယ်သာလန်မှာ ၈၀ ရာခိုင်နှုန်းက မွေးမြူရေးအတွက် မြက်စိုက်တယ်။ ၂၀ ရာခိုင်နှုန်းက ပန်းစိုက်တာ၊ ဘာမြက်မို့လဲဗျာ၊ စပါးထက် ဈေးကောင်းလို့လားဟု ဦးထွေးမေးပါသည်။ ကောင်းပါပြီကော ဦးထွေးရာ ကျွန်တော်တွက်ပြပါမယ်။ ဒီမြက်က နံ့စားပြောင်းအရိုးမျိုးနဲ့ အမြင့် ၁၂ ပေလောက်ရှိတယ်။ နှစ်လတစ်ခါ လောက်ရိတ်ပြီး နွား၊ ဝက်၊ ဆိတ်ကျွေးလို့ရတယ်။ တစ်ခါစိုက်ရင် ၁၅ နှစ်လောက်ခံတယ်။ နှစ်လတစ်ခါရိတ်ပြီး ကိုယ်မွေးထားတဲ့ တိရစ္ဆာန်ကျွေးရုံပဲ။ သူ့ရဲ့ (Protein)နဲ့ (Fat) ပါဝင်မှုက ကောက်ရိုးနဲ့နှိုင်းစာရင် လေးငါးဆကွာတယ်။ ကောက်ရိုးမှာ ပရိုတင်း ၃ ဒသမ ၅၅ ရာခိုင်နှုန်းနဲ့ အဆီဓာတ် ၀ ဒသမ ၉ ရာခိုင်နှုန်းပါဝင်ပါတယ်။ ကျွန်တော်ပြောတဲ့ မြက်က ထွားကြိုင်းလွန်းတော့ Giant Grass လို့ ခေါ်တယ်။ ပိုခေါ်လို့ကောင်းအောင် Ever Green လို့ ခေါ်ပါစို့။ သူ့မှာ ပရိုတင်း ၁၄ ရာခိုင်နှုန်းနဲ့ အဆီ ဓာတ် ၄ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်ပါတယ်။ အချိုဓာတ်ကတော့ အတူတူလောက်ပါပဲ။ ကောက်ရိုးစားရင် ၅၀ ရာခိုင်နှုန်းက စွန့်ပစ်ပစ္စည်းဖြစ်ပြီး EG မြက်စားရင် ၅ ရာခိုင်နှုန်းပဲ စွန့်ပစ်ပစ္စည်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ဝင်ငွေကို နှိုင်းယှဉ်ပြပါမယ်။

ဦးထွေးမှာ လယ်ငါးဧကစိုက်တယ်ဆိုပါစို့။ ဧရာမင်းစပါးစိုက်မယ်။ ဦးထွေး ဘယ်လိုကြိုးစားကြိုးစား ၇ ဒသမ ၅ တင်းလောက်ပဲထွက်မယ်။ စပါးတစ်တင်း ၁၀၀၀၀ ကျပ်ဆိုပါစို့ ဦးထွေး ၇၅၀၀၀ ရမယ် အိမ်ရှိ လူကုန်ဝင်လုပ်ရင် စိုက်ပျိုးစရိတ်တစ်ဧက ၂၅၀၀၀ ဆိုတော့ တစ်ဧကအပေါ် ငါးသိန်းကျန်မယ်။ လယ်ငါးဧကစိုက်တော့ တစ်နှစ် ၂၅ သိန်း ဝင်ငွေရမယ်။

မိသားစုငါးဦး စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သာရေးနာရေးစရိတ် တစ်ရက် ၁၄၀၀၀ လောက်ရှိတယ်။ တစ်နှစ် ၃၆၅ ရက်ဆိုတော့ ၅၁ သိန်းလောက်လိုမယ်။ ဦးထွေးရတာ ၂၅ သိန်းဆိုတော့ ဦးထွေးမှာ တစ်နှစ်ကို ကြွေး ၂၆ သိန်း တင်နေပြီ။ ကလေးတွေ ပညာရေးတစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်၊ အိမ်အလုပ်ကူ၊ နောက်ဆုံးတော့ ၉ တန်းလောက်ဆိုရင် မလေး၊ ယိုးဒယား၊ စင်ကာပူထွက် အလုပ်လုပ်ရရော၊ ဦးထွေးမိသားစုလိုမျိုး နယ်တွေ၊ တောရွာတွေမှာ အများကြီးဆိုတော့ ရွာကလူတွေ နိုင်ငံခြားရောက်၊ ရွာတွေမှာ ယောကျ်ားသားမရှိတော့ လယ်လုပ်မည့်သူလည်း မရှိတော့ဘူးပေါ့။

ကဲ ဆရာချစ်နဲ့ ဦးထွေးလယ်နီးနားချင်းဆိုပါတော့ ဆရာချစ် EG မြက်စိုက်ရင် တစ်ဧကမှာ တစ်လ ၁၀ တန်၊ တစ်နှစ် တန် ၁၂၀၊ တစ်တန်ကို ငွေကျပ် ၄၀၀၀၀ ဈေးရှိတယ်။ စိုက်ပျိုးစရိတ် ငွေကျပ် ၁၀၀၀၀ ရှိတော့ ၃၀၀၀၀ အသားတင်ဝင်ပြီပေါ့။ တစ်နှစ် တန် ၁၂၀ ဆိုတော့ ၃၆ သိန်း ငါးဧကဆိုတော့ တစ်နှစ်သိန်း ၁၈၀ ရပြီလေ၊ ဒီတော့ ဆရာချစ် အိမ်ပြင်ဆောက်၊ သားသမီးတွေကျောင်း ကောင်းကောင်းပို့၊ ဆိုင်ကယ်နှစ်စီးလောက်ဝယ် Ok ပေါ့။

ကျွန်တော်က နွားမွေးမယ် ဒီတော့ ကိုထွေးဆီက EG မြက်တစ်နှစ်လုံးဝယ်မယ်လို့ စာချုပ်ချုပ်တော့။ အစာရှာစရာမလိုတော့ဘူး။ နို့စားနွား ၁၈ ကောင်မွေးမှာ၊ အရင်းအနှီးတော့ ရှိတာပေါ့။ ဒါပေမယ့် မြန်မြန်ကြေပါတယ်။

နွားတစ်ကောင်က တစ်ရက်ကို ငွေကျပ် ၁၉၀၀ ပြန်ဝင်ပါတယ်။ အဲ့ဒါ ကျွေးမွေးစရိတ်စောင့်ရှောက်စရိတ်၊ ဆေးကုစရိတ်နဲ့ အခြားမမျှော်မှန်းနိုင်သော ကုန်ကျစရိတ်နုတ်ပြီးသား၊ တစ်နှစ်ဆိုတော့ (၃၆၅×၁၉၀၀=၇၁၀၀၀၀)၊ ၁၈ ကောင်ဆိုတော့ ငွေကျပ် ၁၂၆ သိန်း ဝင်ငွေရှိပါတယ်။ အခုထွက်ထားတာ မြန်မာပြည် အသားတိုးနှုန်းတစ်ရက် ၀ ဒသမ ၈ ကီလိုနှုန်းနဲ့တွက်တာပါ။ အခြားနိုင်ငံတွေမှာတော့ တစ်ရက် ၁ ဒသမ ၅ ကီလိုတိုးတယ်။ ဒီနွားတွေ သားကျလို့ ပွားရင် အမြတ်တွေရှိသေးတယ်။

အဲ့ဒီတော့ ကျွန်တော်တို့ မြေတွေကို ဘာပြုလို့ အားလုံးစပါးစိုက်ကြမှာလဲ။ စားလောက်ရုံပဲစိုက်ပြီး အခြားဝင်ငွေကောင်းတဲ့ Ever Green Grass မြက်စိုက်မှာပေါ့။ သူများနိုင်ငံလည်း သွားပြီး မျက်နှာငယ်ငယ်နဲ့ လုပ်စရာမလိုဘူးလေ။

ကျွန်တော်တို့ကို ဘုရားသခင်က မျက်နှာသာအများကြီးပေးထားပါတယ်။ ကမ္ဘာ့စိုက်ပျိုးမြေဧကနဲ့ လူဦးရေအချိုးချကြည့်ရင် တစ်ဦးချင်းစီမှာ ၀ ဒသမ ၀၈ ဧကပဲ စိုက်ပျိုးမြေရှိတာ။ မြန်မာ့မြေနဲ့ မြန်မာ့လူဦးရေအချိုးချကြည့်ရင် ၀ ဒသမ ၃၄ ဧက ပေးထားတာ။

အခုကျွန်တော်ဆွေးနွေးတာ မြက်စိုက်မယ်၊ နွားမွေးမယ်၊ ကျွေးမယ်ပဲရှိသေးတယ်။ ဝက်တို့ဆိတ်တို့မွေးပြီး ကုန်သွယ်လုပ်ငန်း၊ အရောင်းအဝယ်နဲ့ စားသောက်ဆိုင်လုပ်ငန်း၊ CANNERY ဆိုတဲ့ စည်သွပ်ဘူးလုပ်ငန်းစက်ရုံတွေ မပါသေးဘူး။ အဲ့ဒါတွေ (Value added) လုပ်ဖို့ ဆရာကိုကပဲ စဉ်းစားပြီး လူကြီးတွေကို ကျွန်တော်တို့ တောင်သူလယ်သမားတွေ ဆင်းရဲတွင်းလွတ်ကင်းအောင် လမ်းပြဆောင်ဖို့ ပြောပေးပါဗျာ။

မြန်မာပြည်ကြီးကို ဘယ်စနစ်နဲ့သွားသွား၊ တစ်ဦးချင်းစီ အမြော်အမြင်ရှိမှ၊ လူတိုင်းကြိုးစားမှ၊ စည်းလုံးညီညွတ်မှ၊ အတ္တကင်းမှ အမှီအခိုကင်းသော အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

**ဒေါက်တာ လွင်ကို**

## ရှေးခေတ်နံ့ရံဆေးပန်းချီများရှိသည့် ဝတ်ကြီးလိုဏ်ဂူပရိဝုဏ်အတွင်း အမှိုက်သရိုက်နှင့်မြက်ပင်များ ရှင်းလင်း



**မင်းဘူး မတ် ၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၊ မှန်ကင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ရှိသည့် ဝတ်ကြီးလိုဏ်ဂူမှ အင်းဝခေတ် နံ့ရံဆေးပန်းချီများအား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် အနီးအနားဝန်းကျင်မှ မြက်ပင်နှင့် ချုံနွယ်များကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက ခုတ်ထွင်ရှင်းလင်းခဲ့သည်။

ထိုဝတ်ကြီးလိုဏ်ဂူမှ နံ့ရံဆေးပန်းချီများသည် ရှေးနှစ်ပေါင်း ၂၀၀ ကျော် အင်းဝခေတ်က လက်ရာများဖြစ်သောကြောင့် လက်ရာများက အထူးပြောင်မြောက်ကာ ကြည့်ရှုသူတို့၏ စိတ်ဘဝင်ကို အေးမြစေပါသည်။

ဝတ်ကြီးလိုဏ်ဂူတွင် မင်းဘူးဆရာတော် ဦးဩဘာသရေးသားခဲ့သော ဇာတ်တော်ကြီး ရှစ်ဘွဲ့ထဲမှ တေမိယဇာတ်၊ မဟာဇနကဇာတ်၊ နေမိဇာတ်၊ မဟော်သဓာဇာတ်၊ စန္ဒကုမာရဇာတ်၊ နာရဒဇာတ်၊ ဝိဓူရဇာတ်၊ ဝေဿန္တရာဇာတ်များအပြင် ရှင်ပညာတိက္ခရေးသားသော သုဝဏ္ဏသာမဇာတ်နှင့် ရှင်နန္ဒမေဓာက ရေးသားသော ဘူရိဒတ်ဇာတ်တော်ကြီးများ ရှိကြောင်းလည်း သိရသည်။

ထို့ကြောင့် ရွှေစက်တော်ဘုရားပွဲရာသီအတွင်း အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ မှန်ကင်းကျောင်းတိုက်အတွင်းမှ ဝတ်ကြီးလိုဏ်ဂူအား လေ့လာကြည့်ရှုနိုင်ရန် နာယကဆရာတော် ဘဒ္ဒန္တပုညအား အမှူးထား၍၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်တာဝန်ရှိသူများက ကြီးကြပ်၍ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်အတွင်းမှ ပြည်သူများက လိုဏ်ဂူအပေါ်ဘက်မှ သစ်ပင်နှင့် ချုံနွယ်များ၊ လိုဏ်ဂူအတွင်းမှ အမှိုက်သရိုက်များ၊ လိုဏ်ဂူပရိဝုဏ်အတွင်းမှ မြက်ပင်များအား ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၅၀၄)

## ရွှေယင်မျှော်စေတီတော်ကြီး၏ ပုဒ္ဓဟူးဇနီယပွဲတော်တွင် မြန်မာ့ရိုးရာနွားလှည်းပြိုင်ပွဲများ ယှဉ်ပြိုင်လျက်ရှိ

**သာစည် မတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ရွာကြီးကျေးရွာအနီးရှိ ကျော်လေးဆူသမိုင်းဝင် ရွှေယင်မျှော်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နှစ်စဉ်ထည့်သွင်းကျင်းပမြဲဖြစ်သော မြန်မာ့ရိုးရာ နွားလှည်းပြိုင်ပွဲများ၊ နွားဗလာကြိုးမောင်းပြိုင်ပွဲများကို တပေါင်းလဆန်း ၁၄ ရက် နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲများကို မြန်မာ့ရိုးရာ အစဉ်အလာများ မပျောက်ပျက်စေရန် ရည်ရွယ်ပြီးပြုလုပ်ခြင်းဖြစ်ကြောင်းသိရပြီး ပြိုင်ပွဲများမှာ နွားလှည်းအကြီးတန်းသွားကုန်၊ နွားလှည်းအလတ်တန်းစုံသွားကျန်၊ နွားလေးသွားမချိုးဗလာမောင်းနှင့် နွားလေးတေဇာတန်း ပြိုင်ပွဲလေးမျိုးခွဲပြီး ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများကို တပေါင်းလဆန်း ၁၁ ရက်မှ လဆန်း ၁၄ ရက်အထိ ယှဉ်ပြိုင်ကြပြီး လပြည့်နေ့တွင် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲတစ်မျိုးချင်းအလိုက် ပထမ၊ဒုတိယနှင့် တတိယဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲသို့ သာစည်မြို့နယ်အတွင်းမှသာမက မိတ္ထီလာ၊ ဝမ်းတွင်း၊ သဲတော၊ ပျော်ဘွယ်နှင့် မလှိုင်မြို့နယ်များမှ လာရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(၄၈၇)



## ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲ သံဃာတော်များအား ဆွမ်းသပိတ်လောင်းလှူ

ညောင်ဦး မတ် ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင် အထင်ကရဘုရားတစ်ဆူဖြစ်သည့် ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပူဇော်ပွဲကို မတ် ၂ ရက်(တပေါင်းလပြည့်)နံနက် ၇ နာရီတွင် ဘုရားကြီးရင်ပြင်တော်ပေါ်၌ ဆွမ်းသပိတ်ရေစက်ချ တရားနှင့် ဆွမ်းသပိတ်လောင်းလှူခြင်းများဖြင့် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပခဲ့ကြောင်း ရွှေဆံတော်ဘုရား ဘဏ္ဍာတော်ထိန်းဂေါပက ဦးငွေးဝင်းထံက သိရသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကြပြီး ရွှေဆံတော်ဘုရားကြီး ဩဝါဒါစရိယ ဇေတဝန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာဒိစ္စ အရှင်သူမြတ်ထံက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များထံက မေတ္တာသုတ်ပရိတ်တရားတော်နာယူကြည်ညိုကြသည်။ ထို့နောက် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို၊ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး သော်ထိုက်၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်၊ ရွှေဆံတော်ဘုရားဂေါပကအဖွဲ့များ၊ ရပ်ဝေးရပ်နီးမှ လာရောက်သည့် ဧည့်ပရိတ်သတ်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ရွှေဆံတော်ဘုရားကြီး ဩဝါဒါစရိယ ဇေတဝန်ကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ပင့်သံဃာများအား မြန်မာပြည်အရပ်ရပ်က လှူဒါန်းထားကြသည့် ဆွမ်းသပိတ်လုံးများ လောင်းလှူခဲ့သည်။ ရွှေဆံတော်စေတီတော်ကြီးသည် ဂေါပကဥက္ကဋ္ဌထားရှိသည့် ဘုရား ၁၈ ဆူတွင် ပါဝင်ပြီး နှစ်စဉ် တပေါင်းလပြည့်နေ့ရောက်တိုင်း ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ပင့်သံဃာတော် ၅၅ ပါး ပင့်ဖိတ်ပြီး ဆွမ်းသပိတ်လုံး လောင်းလှူပူဇော်ခြင်းနှင့် ပရိတ်တရားတော်နာယူ ရေစက်သွန်းချအမျှအတန်းပေးဝေခြင်းများ ကျင်းပခဲ့သည်။ ရွှေဆံတော်စေတီတော်မြတ်ကြီးကို အေဒီ ၁၀၅၇ ခုနှစ်တွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းသမိုင်း အထင်ကရဘုရားတစ်ဆူဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၁)

## ဆောင်းသီးနှံရာသီက စိုက်ပျိုးခဲ့သော သီးနှံစုံဧက ၂၄၈၅၀ ထိ ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်

ပွင့်ဖြူ မတ် ၂

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော သီးနှံစုံစိုက်ဧက ၂၄၈၅၀ ဧကအထိ ရိတ်သိမ်းခြွေလှေ့ပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း၊ ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံစုံ၊ စားဖိုဆောင် သီးနှံစုံ၊ ကြံ၊ နွားတိရစ္ဆာန်အစာ၊ ဟင်းသီးဟင်းရွက်၊ အထွေထွေစားသုံးသီးနှံ စသည့် သီးနှံစုံစိုက်ဧက ၁၂၇၉၃၇ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ပျိုးနိုင်မှု ၁၃၄၄၅၀ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ဆောင်းသီးနှံစိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် သီးနှံစုံဧက ၂၄၈၅၀ ဧကထိ ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်သည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်အတွင်း သီးနှံစုံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများကို မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များ လိုက်နာကျင့်သုံးရေး၊ သဘာဝဓာတ်မြေဩဇာနှင့် ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲတတ်စေရေး၊ သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ သီးနှံများ အချိန်မီရိတ်သိမ်းနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။



တောင်သူများအနေဖြင့် ရာသီအလိုက် သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံစုံစိုက်ပျိုးရေးကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၅)

**သန့်ရှင်းသာယာ မန္တလာ ဝိုင်းဝန်းထိန်းသိမ်းပါ။**

## ဆရာဝန်တစ်ဦးအား ပြန်ပေးဆွဲခြိမ်းခြောက်ငွေတောင်းခံပြီး လူသတ်မှုကျူးလွန်ခဲ့သည့် တရားခံအမျိုးသား နှစ်ဦးအား သေဒဏ်ချမှတ်စီရင်

မန္တလေး မတ် ၂

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်နေ ဦးအောင်ကျော်စိုး(သစ်လုပ်ငန်းအငြိမ်းစား)နှင့် ဒေါ်ခင်ခင်ဆွေလှ(ကျောင်းအုပ်-ငြိမ်း)တို့၏သားငယ် အောင်မြင့်မြတ်ထွန်း(OG ဆရာဝန်) (၃၃)နှစ်ကို ပြန်ပေးဆွဲ ငွေတောင်းခံကာ လူသတ်မှုကျူးလွန်ခဲ့သည့် တရားခံ ဒေါက်တာအောင်ဇင်ဖြိုးနှင့် ဆေးခန်းအကူ လွမ်းဇင်အောင်(ခ)မိုးဒီတို့နှစ်ဦးအား မဟာအောင်မြေခရိုင် တရားရုံးက ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ဂ)/၃၄အရ ပြစ်မှုထင်ရှားသဖြင့် သေဒဏ်ကျခံစေ(မသေမချင်း လည်ပင်းကြိုးကွင်းစွပ်သတ်စေ)၊ ယင်းပုဒ်မ ၃၈၆/၃၄ အရ ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေ ပြစ်ဒဏ်များအား တစ်ပြိုင်တည်းကျခံစေဟု ၂၀၂၅ ခုနှစ်၊ ဇွန် ၂၀ ရက်က အမိန့်ချမှတ်ခဲ့ပြီးနောက် အယူခံရုံးများသို့ အသီးသီးတက်ရောက်ခဲ့သော်လည်း အမှုအား ပလပ်ခဲ့သဖြင့် အထက်ပါအမိန့်အတိုင်း အပြစ်ကျခံရန် အပြီးသတ် အမိန့်ချမှတ်ခဲ့ပြီးနောက် ကွယ်လွန်သူ ဆရာဝန် အောင်မြင့်မြတ်ထွန်း၏ မိဘများက ၎င်းတို့၏ ပြန်ပေးဆွဲလူသတ်ငွေတောင်းခံသည့်အမှုမှာ အပြီးသတ်အမိန့်ချမှတ်ပြီးကြောင်းကို မန္တလေးနေ့စဉ်သို့ ပြောသည်။

ဖြစ်စဉ်မှာ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၁၀၁ Aလမ်းနှင့်၅၅လမ်းထောင့်တွင် နေထိုင်သူ ဦးအောင်မြင့်မြတ်ထွန်းသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက ဆေးခန်းသို့ လူနာကြည့်ရှုရန်သွားရာမှ မွန်းတည့် ၁၂ နာရီခန့်တွင် မိဘဖြစ်သူ ဦးအောင်ကျော်စိုး (၆၇)နှစ်ထံသို့ ဒေါက်တာအောင်မြင့်မြတ်ထွန်းအား ပြန်ပေးဆွဲထားကြောင်း ငွေကျပ် သိန်း ၃၀၀၀ အား ညနေ ၃ နာရီ အရောက် လာရောက်ပေးရန်နှင့် မပေးဘဲတိုင်ကြားပါက သားဖြစ်သူ၏ အသက်အန္တရာယ်ခြိမ်းခြောက်ငွေတောင်းခံခဲ့သဖြင့် သက်ဆိုင်ရာသို့ တိုင်ကြားခြင်းမရှိသေးဘဲ တောင်းခံငွေကို သွားရောက်ပေးအပ်ခဲ့သည်။ သားဖြစ်သူ၏ အသက်အန္တရာယ်အတွက် ငွေကျပ် သိန်း ၃၀၀၀ ကို မိမိအိမ်ဂရန် အပေါင်ထားပြီး အချိန်မီ သွားရောက်ပေး အပ်ခဲ့သော်လည်း တရားခံတို့မှာ တောင်းခံငွေရယူပြီး ဒေါက်တာအောင်မြင့်မြတ်ထွန်းအား ပြန်လည်လွှတ်ပေးခြင်းမရှိသဖြင့် သက်ဆိုင်ရာသို့ တိုင်ကြားခဲ့ရာ ၄၈ နာရီအတွင်း တရားခံများကို ဖမ်းမိခဲ့သည်။ ယခုအခါ ပြစ်မှုကျူးလွန်ခဲ့သည့် တရားခံနှစ်ဦးကို တရားဥပဒေနှင့်အညီ ထိုက်သင့်သည့် ပြစ်ဒဏ်များ ချမှတ်ခံယူစေသည့်အတွက် မိမိတို့အနေဖြင့် သက်ဆိုင်ရာရဲတပ်ဖွဲ့နှင့် တရားရေးဌာနကို ကျေးဇူးတင်ကြောင်း ပြောလိုသလို မိမိတို့မိတ်ဆွေများနှင့် သား၏သူငယ်ချင်းမိတ်ဆွေများက ၎င်းအမှုမည်သို့ ပြီးသွားသည်ကို သိရှိလိုကြသဖြင့် ယခုလို သတင်းမီဒီယာများမှတစ်ဆင့် ပြန်လည်ရှင်းပြခြင်းဖြစ်ကြောင်း မိခင်ဖြစ်သူ ဒေါ်ခင်ခင်ဆွေလှက မန္တလေးနေ့စဉ်သို့ ပြောသည်။



ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ မိဘများက သတင်းမီဒီယာများသို့ ရှင်းပြစဉ်။

"ကျွန်မ သားလေးကို ထွက်သွားတဲ့နေ့ကနေ ယနေ့ထိ မျက်နှာပြန်မမြင်လိုက်ရပါဘူး။ ယနေ့အချိန်ထိ သားလေးပြန်လာမယ်လို့ ထင်နေတုန်းပါပဲ။ သားလေးက မိခင်၊ ကလေး အဓိကကုသသည့်(OG ဆရာဝန်)တစ်ဦးလည်းဖြစ်ပါတယ်။ အသား၊ ငါးများမစားတဲ့ သားသတ်လွတ်စားသုံးတဲ့ သူတစ်ဦးလည်း ဖြစ်ပါတယ်။ ရန်ငြိုးရန်စလုံးဝမရှိဘဲ ယခုလို လောင်းကစားများဖြင့် ငွေကြေးအခက်အခဲဖြစ်ရာက မိမိသားလေးအသက်ထိ ထိခိုက်ဆုံးရှုံးမှုဖြစ်လာရတာ မွေးမိခင်အနေဖြင့် များစွာစိတ်နှလုံးထိခိုက်ရပါတယ်"ဟု ၎င်းက ပြောသည်။

ကျူးလွန်ခဲ့သည့်တရားခံများမှာ ဒေါက်တာအောင်ဇင်ဖြိုးနှင့် ၎င်း၏ဆေးခန်းအကူဖြစ်သူ လွမ်းဇင်အောင်(ခ)မိုးဒီတို့သည် ဒေါက်တာအောင်မြင့်မြတ်ထွန်းအား ခြေ၊ လက်နှင့် ပါးစပ်တို့အား တိပ်ဖြင့်ပတ်ပြီး လည်ပင်းညှစ်ရာမှ သေဆုံးသွားသဖြင့် အလောင်းအား ဆေးခန်းအတွင်းထားရှိပြီး မိဘများထံ ဖုန်းဆက်၍ ပြန်ပေးဆွဲထားကြောင်း ငွေကျပ် သိန်း ၃၀၀၀ အား လာရောက်ပေးရန် ခြိမ်းခြောက်တောင်းခံခဲ့ခြင်းဖြစ်သည်။ ပြစ်မှုကျူးလွန်သူ တရားခံသည် ဆရာဝန်တစ်ဦးဖြစ်သော်လည်း အွန်လိုင်းဘောလုံး၊ နှစ်လုံး၊ သုံးလုံးထီလောင်းကစားများ ပြုလုပ်ဆောင်ရွက်သဖြင့် အကြွေးများတင်ကာ ငွေကြေးလိုအပ်ချက်အရ သူငယ်ချင်းဆရာဝန်ဖြစ်သူအား ပြန်ပေးဆွဲလူသတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မိဘပြည်သူများအနေဖြင့် လောင်းကစားများ မပြုလုပ်သင့်ပါ။ ရှောင်ကြဉ်သင့်ပါသည်။

အဆိုပါအမှုနှင့်ပတ်သက်ပြီး အပြီးသတ်အမိန့်ချမှတ်ခဲ့ပြီးနောက် တရားခံများအား သေဒဏ်ကျခံစေခြင်းနှင့်အတူ သိမ်းဆည်းထားသည့် သက်သေခံငွေကျပ် သိန်း ၂၇၀၀ ကျော်နှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် ဖုန်း၊ မော်တော်ယာဉ် နှစ်စီးအားလည်းကောင်း ပြန်လည်ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ယင်းအမှုဖြစ်စဉ်တွင် တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိခြင်းမှာ နယ်မြေခံရဲတပ်ဖွဲ့များ အပူတပြင်းဆောင်ရွက်မှုနှင့်အတူ i Phone အသုံးပြုသူဖြစ်သဖြင့် တည်နေရာရှာဖွေနိုင်ခြင်း၊ မန္တလေးမြို့တော်အတွင်း တပ်ဆင်ထားသည့် CCTV မှတ်တမ်းများကြောင့် တရားခံများကို အမှုဖွင့်တိုင်ကြားသည့်အချိန်မှ ၄၈ နာရီအတွင်း ပြန်လည်ဖမ်းမိအရေးယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ ယခုဖြစ်စဉ်မှ သင်ခန်းစာရယူနိုင်ရန် ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ မိဘများက မန္တလေးနေ့စဉ်သို့ လာရောက်ဆက်သွယ်ပြီး သားငယ်ဆရာဝန်၏ ဖြစ်စဉ်ကို မိဘပြည်သူများ သင်ခန်းစာရယူနိုင်ရန် ရှေးရှု၍ စိတ်နှလုံးညှိုးနွမ်းစွာဖြင့် ရှင်းပြပြောဆိုခဲ့ခြင်းဖြစ်သည်။

ရွှေမန်း(မန္တလေးနေ့စဉ်)

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၃)၊ ဦးပိုင်နံပါတ်(၁၇)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးမောင်မောင်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးနှင့်ကပ်လျက် တောင်ဘက်ပိုင်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်သန်း(ဘ)ဦးပေတိုး (၉/နထက(နိုင်)၁၀၁၃၉၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဆ)ရပ်ကွက်၊အကွက်အမှတ်(ခေ-၂၉)၊ ဦးပိုင်နံပါတ်(၅၆)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးသန်းနိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးငြိမ်းချမ်းဦး(ဘ)ဦးအောင်ဝင်း(၅/စကန(နိုင်)၂၈၄၀၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်အမှတ်(၁၀၄)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်သိန်း(ဘ)ဦးခွေး (၉/မရတ(နိုင်)၀၆၀၅၇၈) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလီရွှန်းကျိန်း(ဘ)ဦးလီကိုင်းရွှင်(၁၃/ကခန(နိုင်)၁၀၁၈၅၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
| --- | --- | --- |
| B.A (Hist), H.G.P | LL.B | B.Sc.PGDL |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၅)၊ ဦးပိုင်အမှတ်(၂၄+၃၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁+ ၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်များမှာ ဦးကျော်ဖေယျ(ဘ)ဦးအောင်မောင်း(၉/မနတ(နိုင်)၀၁၇၅၇၅)နှင့် ဒေါ်မြင့်နိုင်(ဘ)ဦးချစ်တင်(၅/ရဘန(နိုင်)၀၃၃၃၆၇)တို့ (၂)ဦး အမည်ပေါက် ဂရန်မြေကွက်များဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရန်မေဖင်(ဘ)ဦးရန်ကျုံး(၁၃/လရန(နိုင်)၀၆၀၀၈၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက်များ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
| --- | --- | --- |
| B.A (Hist), H.G.P | LL.B | B.Sc.PGDL |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်အမှတ်(၃၀-က)၊ ဧရိယာ (၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးထွန်းထွန်းသိန်း(ဘ)ဦးဟန်သိန်း(၉/မရမ(နိုင်)၀၉၂၆၆၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| --- | --- | --- | --- | --- |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၈)၊ ဦးပိုင်အမှတ်(၆၇)၊ မြေကွက်ပေါ်တွင် ဦးကျော်လွန်အောင်မှူး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၂၂၅၆၂)က RC (၂)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၄)၊ ဦးပိုင်အမှတ်(၂၀-က)၊ မြေကွက်ပေါ်တွင် ဒေါ်မေစံပယ်ဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မကတ(နိုင်)၀၉၆၃၇၈)က RC (၃)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၇)၊ ဦးပိုင်အမှတ်(၆၂)၊ မြေကွက်ပေါ်တွင် ဒေါ်ဝင်းဝင်းခိုင်(ခ)ဖူးကျန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၀၆၉၈၉၇)က S.S (၂)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)၊ ဦးပိုင်အမှတ်(၆၅ ခဲစင်း)၊ မြေကွက်ပေါ်တွင် ဦးနိုင်စိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/စကန(နိုင်)၀၈၇၇၄၆)က RC (၃)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၅)၊ ဦးပိုင်အမှတ်(၆+၇)၊ မြေကွက်ပေါ်တွင် ဒေါ်ရင်ဆိုက်လီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၁၂၀၇၈၇)က S.S (၂)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၆)၊ ဦးပိုင်အမှတ်(၁၅-ခ)၊ မြေကွက်ပေါ်တွင် ဦးမင်းရှိန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/အစန(နိုင်)၀၇၄၁၁၃)က RC (၃)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၇၃+၇၄)၊ မြေကွက်ပေါ်တွင် ဦးအောင်မြင့်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၇၇၈၅၅)က RC (၂)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၃၀)၊ ဦးပိုင်အမှတ်(၅)၊ မြေကွက်ပေါ်တွင် ဦးသန့်စင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မထလ(နိုင်)၁၃၀၈၃၂)က ဝင်းခြံကာရံခွင့် (ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုများသည်လည်း အခြေခံအုတ်မြစ်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အကျဉ်းသား / သူများ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်အမှတ် ၅ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများ အက်ဥပဒေအရပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေ ပုဒ်မ ၁၉(စ)အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ)အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက်(ယာယီပြင်ဆင်ချက်)အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရ ပြစ်မှုများ၊ ၂၀၂၃ ခုနှစ် လက်နက်ဥပဒေအရ ပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ ပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## အကျဉ်းသား/အကျဉ်းသူ ၂၈၂၅ ဦး ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်အမှတ် ၆ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင် / အချုပ်ထောင် / စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၂၈၂၅ ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## AFF Futsal Championship 2026 ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း အုပ်စု(က)တွင် ယှဉ်ပြိုင်ရမည်

**ရန်ကုန် မတ် ၂**

AFF Futsal Championship 2026 ပြိုင်ပွဲ၏ အုပ်စုမဲခွဲမှုကို မတ် ၁ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် အုပ်စု(က) တွင် ထိုင်း၊ ဗီယက်နမ်၊ အရှေ့တီမောအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။




AFF Futsal Championship 2026 ပြိုင်ပွဲ၏ အုပ်စု(ခ) တွင် အင်ဒိုနီးရှား၊ သြစတြေးလျ၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းအသင်းတို့ ပါဝင်နေခဲ့သည်။

AFF Futsal Championship 2026 ပြိုင်ပွဲကို ထိုင်းနိုင်ငံ Nonthaburi ရှိ Nonthaburi Provincial Administrative Organization Gymnasium တွင် ဧပြီ ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် မတ် ၁၃ ရက်နေ့မှ စတင်ပြီး စခန်းသွင်းလေ့ကျင့်မှုများကို ပြုလုပ်သွားမည် ဖြစ်သည်။

(NGB)



## ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ခြောက်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် မတ် ၂**

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၅) ပွဲကျန်တစ်ပွဲအဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီက ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ခြောက်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းသည် ရခိုင်ယူနိုက်တက်အသင်းဘက်သို့ ဆက်တိုက်ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရယူခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းခေါင်းဆောင် နန္ဒကျော်က ဆွတ်ခူးခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် ၁၉ ပွဲကစားအပြီးတွင် ရမှတ် ၄၉ မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

(NGB)

0-0-0-0-0
0-0-0